မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရေဖြူမြို့နယ် လဲရောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံအတွင်း နဘုလယ်ဒေသရှိ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထားဝယ်လေဆိပ်တိုးချဲ့ရေးလုပ်ငန်းများကို ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးနှင့် အချိန်ကိုက်ဖော်ဆောင်

နိုင်ငံတကာနှင့်ဆက်ဆံရေးများ တိုးတက်လာပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများရရှိနေ

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများဆောင်ရွက်နိုင်ရန် အထူးစီးပွားရေးဇုန်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန

စာမျက်နှာ ၈ ကော်လံ ၁ *

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မည့် ပုံစံကားချပ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရသည့် ရည်ရွယ်ချက်များ

❖ ထားဝယ်ဒေသသို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက် ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်၏ စီးပွားရေးကိုပါ အရှိန်မြှင့်တင်နိုင်ရေး။
❖ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်မီနည်းပညာနှင့် အတတ်ပညာများရရှိပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ မိမိလုပ်သားများ၏ အရည်အသွေး ကျွမ်းကျင်တိုးတက်လာရမှ တစ်နိုင်ငံလုံးသို့ပျံ့နှံ့လျက် ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်လာရေးတို့ကို ရည်မှန်းထူထောင်ခြင်းဖြစ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်)

လေရူးလေးများ တိုက်ခတ်လာသောအခါ . . .

ဟေမန္တ ဆောင်းဥတု၏ ရာသီစက်ဝန်းသည် များမကြာမီ ကုန်လွန်တော့မည်ဖြစ်သည်။ နွေဥသြတို့၏တေးဆိုသံများ ရံဖန်ရံခါ ကြားနေရပြီ။ ရွက်ဟောင်းတို့နေရာ ရွက်သစ်တို့က အစားထိုးရန် တာစူနေကြသည်။ ဩော်. . .နွေတစ်ကျော့ရောက်တော့မှာပါလားဆိုသည့်အတွေးက ခေါင်းထဲသို့ မဖိတ်ခေါ်ဘဲ ဝင်ရောက်လာသည်။

ဆောင်း၏အငွေ့အသက်သည် အေးမြလွန်းဆဲပင်။ သို့သော် လေအတော့တွင် သစ်ရွက်ကြွေသံများ ကြားနေရ၏။ ဟိုးအဝေးတစ်နေရာဆီမှ တောင်ပြာတန်းကြီးသည် စိမ်းရာမှပြာ၊ ပြာရာမှညို၊ ညိုရာမှ ခြောက်သွေ့လာခဲ့ပြီဖြစ်သည်။ ညအခါ တောင်၏အချို့နေရာများတွင် တောမီးများလောင်နေသည်ကိုလည်း သတိမူမိ၏။ ယခုလို ဆောင်းကုန်လုကာလ နွေဦးဆီသို့ရောက်တော့မည်ဆိုလျှင် မီးဘေးသတိပေးနှိုးဆော်သံများကို ပိုမိုကျယ်လောင်စွာ နေ့စဉ်ရက်ဆက် ကြားလာရသည်။ ရွာအသံချဲ့စက်များမှ မီးဘေးသတိပေးခြင်းနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေး သီချင်းဖွင့်သံများ ကြားနေရသည်။ မီးသည် လူသားတို့အတွက် မိတ်ဆွေဖြစ်သကဲ့သို့ ရန်သူလည်း ဖြစ်ပေသည်။ " သူခိုးခိုးလို့မပြောင်၊ မီးခိုးလျှင်ပြောင်"ဆိုသည့် စကားအတိုင်း မီးလောင်မှုသည် အလွန်ကြောက်စရာကောင်း၏။ မီးသည် ရာသီအချိန်မရွေး လောင်နိုင်သော်လည်း နွေရာသီတွင် မီးလောင်မှုပိုများသည်။

ထို့ကြောင့် ငယ်ငယ်က ရွာဆော်ကြီး ဦးဘကျော်၏ မီးဘေးသတိပေးနှိုးဆော်သံများကို ဤသို့ပြန်လည် ကြားယောင်မိ၏။

"မိဘပြည်သူများခင်ဗျာ. . .။ မိဘပြည်သူများခင်ဗျာ. . .။ ယခုအခါ ဆောင်းအကုန်နွေအကူး၊ လေရူးလေးများတိုက်ခတ်လာပါသဖြင့် မိမိတို့နေအိမ်တွင် ရေ၊ သဲ၊ မီးချိတ်၊ မီးကတ်များ အဆင်သင့်ထားရှိကြပါရန်၊ လမ်းသွားရင်း ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်တိုများပစ်ချခြင်း မပြုလုပ်ကြပါရန်၊ မီးဖိုများအတွင်း မီးကြွင်းမီးကျန်များ သတိပြုငြိမ်းသတ်ကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်" ဟူ၍ ဖြစ်၏။

မီးသည် ခြောက်သွေ့ရာသီသို့ ကူးပြောင်းလာသည်နှင့်အမျှ မီးလောင်နိုင်ခြေများ ပိုများလာသည်။ အထူးသဖြင့် ကျေးရွာများတွင် ဆေးလိပ်တိုများ စည်းကမ်းမဲ့ပစ်ချခြင်း၊ မီးကြွင်းမီးကျန်များ ငြိမ်းသတ်ရန်မေ့လျော့ခြင်းတို့မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလေ့ရှိသည်။

ထို့အပြင် ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ ဒယ်အိုးဆီ ထတောက်သည့် မီးတို့ကြောင့်လည်း မီးလောင်မှုဖြစ်ပွားရသည်။ မြို့ပြများတွင်ဖြစ်ပွားသော မီးလောင်မှုအများဆုံးမှာ လျှပ်စစ်ဝိုင်ယာရှော့ခ်နှင့် ဖယောင်းတိုင်၊ ခြင်ဆေးခွေတို့မှ ဖြစ်သည်။ ညအိပ်နေစဉ် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေများ ထွန်းပြီး အိပ်ကြသဖြင့် မီးလောင်မှုများ ဖြစ်ရခြင်းဖြစ်သည်။

ထို့ကြောင့် မြို့ပြများတွင် မီးလောင်မှုလျော့ပါးရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများကို စစ်ဆေးလဲလှယ်ခြင်း၊ ဖယောင်းတိုင်နှင့် ခြင်ဆေးခွေများထွန်းပြီး အိပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဓာတ်ငွေ့အိုးများ သုံးစွဲရာတွင် စနစ်တကျသုံးစွဲခြင်း၊ မီးသတ်ဆေးဘူးများ အိမ်တိုင်းထားရှိဆောင်ရွက်ခြင်း စသည်ဖြင့် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် အဆင်သင့်ပြုလုပ်ထားသင့်ပေသည်။

သို့ပါ၍ မီးလောင်မှုဘေးအန္တရာယ်လျော့ပါးစေရေးအတွက် လေရူးလေးများ တိုက်ခတ်လာသော ယနေ့အချိန်ကာလမှစတင်၍ လူတိုင်း လူတိုင်းသည် မီးဘေးကြိုတင် ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားကြပြီး မီးကိုရိုသေစွာသုံးစွဲကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

အမျိုးသားလွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကို ပဲခူးမြို့ ကတုတ်ဘုရားကြီးအထွက်တိုးစခန်း၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

၂၀၁၃ အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် အာဆီယံနိုင်ငံများ၏ (၇)ကြိမ်မြောက် မသန်စွမ်းသူများအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် တာဝန်ရှိသူများ ပြောပြချက်အရ သိရသည်။ "လာမယ့် ၂၀၁၃ ဆီးဂိမ်းပြီးသွားရင် ကျင်းပမှာပါ။ နေပြည်တော်မှာ ကျင်းပမှာဖြစ်ပြီး အာဆီယံနိုင်ငံတွေအားလုံးပါဝင်ကြမှာပါ။ ကျွန်တော်တို့အဖွဲ့ချုပ်ကတော့ အားကစားသမားတွေအားလုံးကို စနစ်တကျနဲ့ လေ့ကျင့်မှုတွေစတင်နေပါပြီ။ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနမှ လူကြီးတွေနဲ့ကျွန်တော်တို့အဖွဲ့ချုပ်ကနေ အားလုံးစုပေါင်း ဆုံးဖြတ်ခဲ့ပါတယ်။ ဆုတွေများများရဖို့အတွက် မသန်စွမ်းအားကစားသမားအဟောင်းတွေကိုရော၊ အသစ်တွေကိုပါ အကောင်းဆုံး လေ့ကျင့်သင်ကြားပေးသွားမယ်"ဟု အဖွဲ့ချုပ်၏ တာဝန်ရှိသူက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယမန်နှစ်များအတွင်း အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲများမှာ မြန်မာနိုင်ငံအနေဖြင့် အားကစားအဆင့်အတန်းမှာ အခြားနိုင်ငံများထက်မနိမ့်ကျခဲ့သော်လည်း ယှဉ်ပြိုင်ခဲ့ရတဲ့ အရေအတွက်မှာ နည်းပါးခဲ့ပြီး ယခုအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမယ့် ၂၀၁၃ ခုနှစ် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားသမား အင်အား ၂၀၀ ကျော်အထိ ခန့်မှန်းထားကြောင်း အဖွဲ့ချုပ်မှ ပြောကြားသည်။

မသန်စွမ်းအားကစားပြိုင်ပွဲအတွင်း၌ ပြေးခုန်ပစ်၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ရေကူးနှင့် စစ်တုရင်ကစားနည်းများ ပါဝင်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူများထံမှ သိရှိရသည်။ **(ခင်လေးမြင့်အောင်)**

အဝေးပြေးယာဉ်ရပ်နားဝင်း တည်ဆောက်ရေး ဝါးခယ်မမြို့နယ်၌ အလှူငွေပေးအပ်

ဝါးခယ်မ ဇန်နဝါရီ ၂၃

ဝါးခယ်မမြို့နယ် အဝေးပြေးယာဉ်ရပ်နားဝင်းတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက မနောသုခညွှေ့ရိပ်သာ၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

အလှူငွေပေးအပ်ပွဲတွင် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း)က အလှူငွေ ပေးအပ်ရခြင်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အဝေးပြေးယာဉ်ရပ်နားရပ်ဝင်းတည်ဆောက်ရေး ဆောင်ရွက်ပြီးမှုကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုံ့ကျော်က အလှူငွေကျပ် သိန်း၁၀၀ ပေးအပ်ရာ မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၃၉)

ဘိုးရာဇာစာကြည့်တိုက် စလင်းမြို့နယ်၌ဖွင့်

စလင်း ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် လင်းဇင်းကျေးရွာတွင် ဇန်နဝါရီ ၃ ရက် နံနက် ၁၁ နာရီက နိုင်ငံတော်မတည်ငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သည့် ဘိုးရာဇာ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မြင့်ဦး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစံထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားတွင် ဆရာတော် ဦးသာသနနှင့်အလှူရှင်များက စာအုပ်စာစောင်နှင့်ရေဒီယို၊ ဗီရို၊ စာအုပ်တင်စင်တို့ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆန်စပါးလုပ်ငန်းအသင်း ဆိုင်းဘုတ်တင်ပွဲကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့တွင် ဧရာရွှေဟသ်ာတ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်ရုံးခန်းဖွင့်ပွဲနှင့် အသင်းဆိုင်းဘုတ်တင်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက အမှတ်(၁၅) မန်းဘခိုင်လမ်းရှိ ဥယျာဉ်မြောက်ရပ် အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးလှဝေ၊ ခရိုင်ရဲမှူးမြင့်ဆွေ၊ ဟသ်ာတခရိုင် ကုန်သွယ်လယ်ယာတာဝန်ခံ ဦးကျော်ငွေးနှင့်ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အသင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ခရိုင်ကုန်သွယ်လယ်ယာတာဝန်ခံ ဦးကျော်ငွေးနှင့် ဧရာရွှေဟသ်ာတ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်ရေးမှူး ဒါရိုက်တာဦးမြင့်သိန်းစိုးတို့က အသင်းရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး ကရာတေးဒိုနည်းစနစ်ဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ မြန်မာနိုင်ငံတွင် ကရာတေးဒိုနည်းစနစ်ဆိုင်ရာသင်တန်းကို တစ်ရက်တာသင်တန်းအဖြစ် ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီမှ၁၁နာရီအထိနှင့်ညနေ၄ နာရီမှ ၆ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် Mr.Fujikiyo Omura (7th Dan JKA Instructor) (JKA W/F Asia Oceania Director) က Karatedo Technical Seminor Course ဘာသာရပ်ကို လာရောက်ပြသရာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကာကွယ်ရေး၊ မြို့တော်စည်ပင်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ သစ်တောရေးရာ၊ ပြည်တွင်းရေကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အောင်ဆန်း၊ သူရိန်စသည့် ကရာတေးဒိုကလပ် (၁၃) သင်းမှ အသင်းသား အသင်းသူဦးရေ စုစုပေါင်း၇၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျေးလက်ကျန်းမာရေးဌာန ဗန်းမော်မြို့နယ်၌ဖွင့်

ဗန်းမော် ဇန်နဝါရီ ၂၃

ဗန်းမော်မြို့နယ် မအူပင်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာကျန်းမာရေးဌာနအဆောက်အအုံသစ်၌ကျင်းပရာ ဗန်းမော်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းအောင်၊ မအူပင်ကျန်းမာရေးမှူး ဦးအောင်ကျော်စိုးနှင့် မအူပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဗန်းမော်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းအောင်က အမှာစကားပြောကြားပြီး မအူပင်ကျန်းမာရေးမှူး ဦးအောင်ကျော်စိုးက ကျန်းမာရေးဌာန သမိုင်းနှင့် ဆေးခန်းဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သားဖွားခန်းနှင့်ဓာတ်ခွဲခန်းပါဝင်သည့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ကျေးရွာအုပ်ချုပ်ရေးမှူးက ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဗန်းမော်ဆေးရုံအုပ်ကြီးက လက်ခံယူသည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနတွင် ကျေးရွာ ၁၅ ရွာမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား UNHCR မှ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Johannes G. ten Feld သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်အား အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်အား အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Bureau of International Security and Nonproliferation ဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Thomas Countryman နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားမအထူးအယူခံမှု(၁၃)မှုကို စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးမြသိမ်းတို့ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၁၃) မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်လျှောက်ထားမှု) (၄)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသားကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၇/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးမြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၈၄-က)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီအား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၅၀)ဖြစ်ပါသည်။

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကြည့်ရှုခံစား ရုပ်မြင်သံကြား အစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

ညပိုင်း

၄း၄၅ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၆း၁၅ ၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၃။ ဆိုလိုက်ကြစို့
၇း၀၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** ဒုတိယတွဲ (အပိုင်း-၃၇)
၈း၀၀ ၅။ ပြည်တွင်းသတင်း

MRTV-4

၂၄-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၄၀ **အနတ္တလက္ခဏသုတ်** တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၆)
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွန့်ရာ** (အပိုင်း-၄၉)
၁၁း၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၄)

၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား**(အပိုင်း-၂၀)
၇။ အိန္ဒိယရုပ်ရှင် **မုန်တိုင်းခြေရာ** (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း)

မြဝတီရုပ်မြင်သံကြား

၂၄-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၄ ၂။ နိုင်ငံတော်သီချင်း
၇း၀၅ ၃။ တရားတော်
၇း၂၀ ၄။ မျိုးချစ်တပ်မတော်

၆း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၇)
၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွန့်ရာ** (အပိုင်း-၅၀)
၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၅)
၁၂း၃၅ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)

၇း၂၅ ၅။ မြန်မာ့ရှုခင်း

ညပိုင်း

၄း၄၀ ၁။ အင်္ဂလိပ်စာသုတ
၄း၄၅ ၂။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၃။ မီးသတိပေးနှိုးဆော်ချက်
၅း၃၀ ၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်** (အပိုင်း-၇၄)
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၅ ၆။ Guide for You
၇း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း-၅၀)
၈။ နိုင်ငံတကာသတင်း
၉။ မိုးလေဝသသတင်း
၁၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကွန်းခိုရာ** (အပိုင်း-၃)
၁၂။ **Mini Series**

ဇန်နဝါရီ ၁၇ ရက်က လှိုင်မြို့နယ် အလက(၃)၌ ယဉ်ကျေးလိမ္မာမင်္ဂလာ သင်တန်းနှင့်စာမေးပွဲတွင် မြို့နယ်အဆင့် ပထမဆုရ မနှင်းကိုစံ ဆဋ္ဌမတန်း (အလက-၄ ထခွဲ လှိုင်)အား ဆရာမကြီး ဒေါ်ခင်ဌေးမော် ဆုချီးမြှင့်စဉ်။ (၁၂၂)

ဇန်နဝါရီ ၁၅ ရက်က ဗဟန်းမြို့နယ် အမက (၁၇)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်း ပထမဆုရ မောင်လွင်မင်းမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမာလွင် ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အလင်း လူမှုဒဿန

လောကစံမှန်သမျှ ဆန်တက်ကြ

"ငှက်တွေတောင်မှ လေကိုဆန်ပြီး ပျံသေးတာ…၊
ငါးတွေတောင်မှ ရေကိုဆန်ပြီး ကူးသေးတာ…၊
ဒို့တစ်တွေလည်း လောကစံမှန်သမျှ ဆန်တက်ကြပါစို့…"။
"The birds fly against the wind;
The fishes swim against the water;
Let's go up against them, That of good and bad of ours."

(ကိုးဘွဲ့ရဆရာတော်)

ပြည်ပသတင်းများ ပြည်ပသတင်းများ ပြည်ပသတင်းများ

မာဗီးနပ်ကျွန်းစု အာဂျင်တီးနားပိုင်ဆိုင်မှု ဘရာဇီးထောက်ခံ

ဘရာဇီး နိုင်ငံခြားရေးဝန်ကြီး အင်တိုနီယိုပက်ထရီယိုတာ

ဘရာဆီးလီးယား ဇန်နဝါရီ ၂၃

ဗြိတိန်နိုင်ငံက ဖော့က်ကလန်ကျွန်းစုဟုခေါ်တွင်သည့် မာဗီးနပ်ကျွန်းစုကို ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့ သူပိုင်ကိုယ်ပိုင် အငြင်းပွားကြရာတွင် လက်တင်အမေရိကနိုင်ငံအားလုံးက အာဂျင်တီးနားကို ထောက်ခံကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး အင်တိုနီယိုပက်ထရီယိုတာက ဇန်နဝါရီ ၂၃ ရက်၌ ပြောကြားလိုက်သည်။

ထောက်ခံ

လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများက မာဗီးနပ်ကျွန်းစုအပေါ် အာဂျင်တီးနားနိုင်ငံက အချုပ်အခြာအာဏာပိုင်မှုကို ထောက်ခံကြသည့်အပြင် အငြင်းပွားမှုကို အာဂျင်တီးနားနှင့် ဗြိတိန်တွေ့ဆုံအဖြေရှာရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကိုလည်း ထောက်ခံကြကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ပက်ထရီယိုတာက ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်အား ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံအနေဖြင့် မာဗီးနပ်ကျွန်းစုကို အာဂျင်တီးနားနိုင်ငံပိုင်ဆိုင်မှုအား ထောက်ခံကြောင်းကိုလည်း ဗြိတိန်နိုင်ငံက သဘောပေါက်ပါသည်ဟု ဝန်ကြီးပက်ထရီယိုတာက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

အီရန်ဆွန်နီခေါင်းဆောင်တစ်ဦး စစ္စတန်ဘလူချီစတန်ပြည်နယ်၌ လုပ်ကြံခံရ

တီဟီရန် ဇန်နဝါရီ ၂၃

အီရန်နိုင်ငံအရှေ့တောင်ပိုင်းတွင် အီရန်ဆွန်နီဘာသာရေးအကြီးအကဲတစ်ဦး လုပ်ကြံခံရကြောင်း ဇန်နဝါရီ ၂၃ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

မော်လဝီမိုစတာဖာဂျန်ဂီမှာ စစ္စတန်ဘလူချီစတန်ပြည်နယ် ရက်စ်မြို့ ချာဘာဟာဆာဘက်လမ်းမပေါ်တွင် ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက လုပ်ကြံခံလိုက်ရခြင်းဖြစ်သည်။

ကြေညာခြင်းမရှိ

ဆွန်နီ-ရှီးယိုက် ညီညွတ်ရေးဦးဆောင်ကြိုးပမ်းသူ မော်လဝီမိုစတာဖာဂျန်ဂီအားလုပ်ကြံသည်မှာ သူတို့လက်ချက်ဖြစ်ကြောင်း ယခုအထိ မည်သည့်အုပ်စုကမျှ ထုတ်ဖော်ကြေညာခြင်းမရှိဟု သိရသည်။

ဆက်တိုက်လုပ်ကိုင်

ဂျန်ဒါလာအကြမ်းဖက်အုပ်စုသည် ထိုပြည်နယ်အတွင်းတွင် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သားများ၊ အီရန်အစိုးရအရာရှိများအား ဖုံးခွဲသတ်ဖြတ်၊ လုပ်ကြံ အကြမ်းဖက်မှုများ ဆက်တိုက်လုပ်ကိုင်သည့် အုပ်စုဖြစ်သည်။ **(အင်တာနက်)**

မက္ကဆီကိုမူးယစ်တိုက်ဖျက်ရေး စစ်ဆင်မှုအတွင်း သေဆုံးသူ ၄၇၅၀၀ ကျော်ရှိခဲ့

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၃

မက္ကဆီကိုနိုင်ငံ၌ ၂၀၁၁ ခုနှစ် ပထမကိုးလအတွင်း မူးယစ်ဆေးဝါးနှင့် နှီးနွှယ်သည့် အကြမ်းဖက်မှုများကြောင့် သေဆုံးသူစုစုပေါင်း ၁၃၀၀၀ နီးပါးရှိသဖြင့် ငါးနှစ်သက်တမ်းရှိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်မှုအတွင်း သေဆုံးသူ ၄၇၅၀၀ ကျော်ရှိခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းကြီးများအား သမ္မတ ဖီးလစ်ကာလ်ဒီရွန်က စစ်တပ်ဖြင့်နှိမ်နင်းသည့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၁ ခုနှစ် စက်တင်ဘာအထိ မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သေဆုံးသူပေါင်း ၄၇၅၁၅ ဦးရှိကြောင်း မက္ကဆီကိုရှေ့နေချုပ်ရုံးက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **(အောက်ပုံ)**

၂၀၁၁ ခုနှစ် ပထမကိုးလအတွင်း သေဆုံးသူ ၁၂၉၀၃ ဦးရှိရာ ၂၀၁၀ ခုနှစ် ထိုကာလကထက် သေဆုံးသူဦးရေ ၁၁ ရာခိုင်နှုန်းပိုများခဲ့ကြောင်း ရှေ့နေချုပ်ရုံးကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ဂျပန်ကင်းလှည့်လေယာဉ် ဝေဟင်၌ ငှက်ကြီးတစ်ကောင်နှင့်ဝင်တိုက်မိ

တိုကျို ဇန်နဝါရီ ၂၃

ဂျပန်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၃ ရက်က ဂျပန်ရေပိုင်နက်ဝေဟင်ပေါ်တွင် အမြင့်ပေ ၁၀၀၀ ခန့်မှ ပျံသန်းနေစဉ် ငှက်တစ်ကောင်နှင့် တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ဆင်းသက်ခဲ့ရ

ထိုသို့ ငှက်ကြီးတစ်ကောင်နှင့် တိုက်မိခဲ့သဖြင့် လေယာဉ်ဦးခေါင်းပိုင်းတွင် အရှည်သုံးပေခန့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းလေယာဉ်ကို မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

အဆိုပါ လေယာဉ်ပေါ်တွင် ဂျပန်တပ်ဖွဲ့ဝင်ကိုးဦးလိုက်ပါလာပြီး ငှက်နှင့်တိုက်မှု ဖြစ်ပွားပြီးနောက် လေယာဉ်ကို ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း အီရှိဂါကီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြစ်အတွင်း လောင်စာဆီယိုဖိတ်မှုဖြစ်ပွား

ဘရစ္စဘိန်း ဇန်နဝါရီ ၂၃

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မြောက်ပိုင်း ဘရစ္စဘိန်းမြို့ရှိ ဘရစ္စဘိန်းမြစ်အတွင်း သင်္ဘောတစ်စင်း လောင်စာဆီဖြည့်နေစဉ် မြစ်အတွင်းသို့ လောင်စာဆီငါးတန်ခန့် ယိုဖိတ်မှုဖြစ်ပွားခဲ့ကြောင်း ကွင်းစလန်းပြည်နယ်ရေကြောင်းထိန်းသိမ်းရေးအဖွဲ့က ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖယ်ရှားရှင်းလင်း

ဖြစ်ပွားမှုမှာ ဂျီအယ်လ်လန်ဆူအမည်ရှိ ကုန်တင်သင်္ဘောတစ်စင်းသည် ဘရစ္စဘိန်းမြို့ ဟာမီတန်အမှတ်(၄) ဆိပ်ခံတံတား၌ လောင်စာဆီများဖြည့်နေစဉ် မတော်တဆဖြစ်မှုကြောင့် မြစ်အတွင်း လောင်စာဆီယိုဖိတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့မြစ်အတွင်း လောင်စာဆီများ ယိုဖိတ်မှုမပျံ့နှံ့စေရန် ကမ်းခြေတစ်လျှောက် ရှင်းလင်းရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပြီး ရေယာဉ်များဖြင့်လည်း လောင်စာဆီများပျံ့နှံ့မှုကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

အဆိုပါ ကုန်တင်သင်္ဘောသည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ဆိပ်ကမ်းမှ ဂျပန်နိုင်ငံသို့ ခုတ်မောင်းရန် ပြင်ဆင်နေသော သင်္ဘောဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နယူးဇီလန်တောင်ပိုင်း၌ ဝေလငါးများသောင်တင်နေပြန်

ဝယ်လင်တန် ဇန်နဝါရီ ၂၃

နယူးဇီလန်နိုင်ငံတောင်ပိုင်း ဂိုးဒင်းကမ်းခြေတွင် ဇန်နဝါရီ ၂၂ ရက် ညက ဝေလငါးကောင်ရေ ၉၀ ခန့် သောင်တင်နေသည်ကို တွေ့ရှိခဲ့ရကြောင်း နယူးဇီလန်အရာရှိများက ဇန်နဝါရီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ဝေလငါးများသည် ပင်လယ်ဒီရေလှိုင်းများ ရိုက်ခတ်ခံရမှုကြောင့် ကမ်းခြေသို့ရောက်ရှိသောင်တင် နေခြင်းဖြစ်ကြောင်း ယူဆရသည်ဟု ၎င်းအရာရှိများက ပြောကြားသည်။ ကမ်းခြေသို့ လာရောက်သောင်တင်နေချိန်မှာ ယင်းနေ့ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ဖြစ်သည်။ **(ယာပုံ)**

ပြန်လည်လွှတ်ပေး

၎င်းဝေလငါးများကို ထိန်းသိမ်းကာ ပင်လယ်အတွင်း ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီ ၁၈ရက်ကလည်း ဝေလငါး ၁၈ကောင် လာရောက်သောင်တင်ခဲ့ကြောင်း၊ ယင်းဝေလငါးများကို ပင်လယ်အတွင်း ပြန်လည်လွှတ်ပေးခဲ့ကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်ကုန်ကလည်း နယူးဇီလန်နိုင်ငံ ပါပါမိုရာကမ်းခြေတွင် ဝေလငါး လေးကောင်သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရသည်။ ဤသို့ နယူးဇီလန်နိုင်ငံကမ်းခြေဒေသများတွင် ဝေလငါးများ မကြာခဏသောင်တင်မှုနှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ယင်းသို့ရေနက်ပိုင်းနေ ဝေလငါးများ ကမ်းနီးရေတိမ်ပိုင်းသို့ မကြာခဏ လာရောက်သောင်တင်နေခြင်းမှာ ထူးခြားသောဖြစ်ရပ်တစ်ခု ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၃-၁-၂၀၁၂)

>> တင်မောင်လွင် – စုစည်းသည် <<

အီရန်ကမ်းလွန်တွင် ကူးတို့ရေယာဉ်နစ်မြုပ်၊ ၁၆ ဦးသေဆုံး

အီရန်ကမ်းလွန်တွင် ခရီးသည်တင်ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပြီးနောက် အနည်းဆုံး ၁၆ ဦးသေဆုံးကြောင်း အစိုးရအာဘော်တစ်ပိုင်း အိုင်အက်အင်န်အေသတင်းဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ခရီးသည် ၂၂ ဦး တင်ဆောင်ပြီး ဟော်မုဒ်ရေလက်ကြားမှ ပါရှန်ပင်လယ်ကွေ့ရှိ ဘန်ဒါအာဘတ်စ်မြို့ဆိပ်ကမ်းသို့အသွား ပင်လယ်အတွင်း မုန်တိုင်းထန်ပြီး ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ဇန်နဝါရီ ၂၁ ရက်တွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာနက ပြောကြားသည်။ လူငါးဦးအားကယ်ဆယ်ခဲ့ရကြောင်း၊ တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးသူများအတွက် ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေကြောင်း ဟော်မုဒ်ရေလက်ကြားဆိုင်ရာ ဆက်ဆံရေးနှင့် သင်္ဘောသွားလာရေးဌာနအကြီးအကဲ ဟော်စိန်ခို့စ်ဘတ်က ပြောကြားသည်။

အသက်ရှင်ကျန်ရစ်သူတစ်ဦးဖြစ်သည့် ကူးတို့ရေယာဉ်မှူးက အဆိုပါ ရာသီဥတုအခြေအနေဆိုးရွားမှုကို သတင်းပေးပို့ခဲ့ကြောင်း ဟော်စိန်ခို့စ်ဘတ်က ဆက်လက် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၂၂ ရက်ညပိုင်းက တိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါနေရာတွင် ယခုနှစ်စပိုင်းကတည်းကစပြီး ထိုကဲ့သို့သော အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း သတင်းထောက်လှမ်းရေးဌာနတစ်ခု၏ အဆိုပြုချက်အရ သိရသည်။ ဖြစ်ပွားမှုမှာ ဘူချီပြည်နယ် တာဖာဝါဘာလီဝါဒေသတွင် အမည်မသိ လက်နက်ကိုင်များက လူအုပ်စုတစ်စုအတွင်း ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းတိုက်ခိုက်မှုကြောင့် ကိုးဦးသေဆုံးပြီး အခြား ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်အစောပိုင်းကလည်း ဘူချီပြည်နယ် အဆိုပါဒေသတွင် နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့များနှင့် ဘိုကိုဟာရတ်အဖွဲ့များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၂ ဦး သေဆုံးခဲ့သည်ဟုဆိုသည်။

အာဖဂန်နစ္စတန်တွင် အကြမ်းဖက်ဗုံးခွဲမှု လေးဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်အတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ တာလီဘန်အကြမ်းဖက်သမားများ ခိုအောင်းရာ ထိုပြည်နယ်၏ လက်ရှကာဂါးမြို့တော် လက်ရှကာရီအရပ်တွင် ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲက အရပ်သားများလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးက မိုင်းဗုံးကို တက်နင်းမိပြီး ပေါက်ကွဲသွားခြင်းဖြစ်သည်ဟု ပြည်နယ်ရဲမှူးကြီး မိုဟာမက် အစ္စဝေးဟိုတက်က ပြောကြားသည်။ အဆိုပါ ဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ယခုအထိ မည်သည့်အဖွဲ့ကမျှ သူတို့လက်ချက်ဟု ထုတ်ဖော်ကြေညာခြင်းမရှိသေးဟု သိရသည်။

အိန္ဒိယငါးဖမ်းသမား ၃၁ ဦးနှင့် ငါးဖမ်းလှေ ၁၄ စင်း ပါကစ္စတန်ဖမ်းဆီး

ပါကစ္စတန်အာဏာပိုင်များက ၎င်းတို့၏ နိုင်ငံပိုင်ရေပိုင်နက်အတွင်းသို့ ဝင်ရောက်ကျူးကျော်ခဲ့သည့် အိန္ဒိယငါးဖမ်းသမား ၃၁ ဦးနှင့် ငါးဖမ်းလှေ ၁၄စင်းကို ဖမ်းဆီးထားကြောင်း ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ ငါးဖမ်းသမားများအား ပါကစ္စတန်နိုင်ငံ၏ အထူးသီးသန့် စီးပွားရေးဇုန်အတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ မှတ်ပုံတင်အထောက်အထားများအတွက် ကရာချိမြို့ရှိ ဒေါ့စ်ရဲစခန်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ နောင်တွင် ဒေသအတွင်း တရားရုံးတစ်ခု၌ စစ်ဆေးခံရဖွယ်ရှိကြောင်း ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါနေရာသည် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ထားခြင်းမရှိမှုကြောင့် နှစ်နိုင်ငံစလုံးက ငါးဖမ်းသမားများအား ယခုကဲ့သို့ အပြန်အလှန်ဖမ်းဆီးခြင်းများ လုပ်ဆောင်နေခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံက နှစ်သစ်လက်ဆောင်တစ်ရပ်အနေဖြင့် လည်းကောင်း၊ ချစ်ကြည်ရင်းနှီးမှုတစ်ရပ်အနေဖြင့်လည်းကောင်း အိန္ဒိယငါးဖမ်းသမား ၁၇၉ ဦးအား လွှတ်ပေးပြီးနောက် နှစ်ပတ်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

အသေးစားငွေရေးကြေးရေးလုပ်ငန်း မတည်ငွေပေးအပ်ပွဲ လက်ပံတန်းမြို့၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် အသေးစားငွေရေး ကြေးရေးလုပ်ငန်း မတည်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က လက်ပံတန်းမြို့ ရွှေတောင်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးမြင့်လွင်ဦး၊ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဒေသခံပြည်သူများသို့ အသေးစားချေးငွေပေးအပ်သွားမည့် အစီအစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မတည်ငွေကျပ်သိန်း ၂၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ လက်ပံတန်းမြို့နယ် ဖြူစင်မေတ္တာကုသိုလ်ဖြစ် အခမဲ့ဆေးခန်းအတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း မတည်ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

ကမ္ဘာ့အမြန်ဆုံးကားဖြစ်လာမယ့် ဘလက်ဟွန်းမှာ ဂျက်လေယာဉ်အင်ဂျင်တစ်လုံးနဲ့ ဒုံးပျံမော်တာတွေတပ်ဆင်ထားပါတယ်။ အဲဒီကားကို လူသုံးဦးစီးနိုင်ပြီး ယာဉ်မောင်းကတော့ ဂျက်လေယာဉ်မှူး တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ လူတွေကိုသာ ရွေးချယ်မောင်းနှင်စေမှာ ဖြစ်ပါတယ်။

အဲဒီကားရဲ့ ဘီးတွေနဲ့ ဘရိတ်ကိုတော့ ကွန်ပျူတာစနစ်နဲ့ ထိန်းချုပ်ထားမှာဖြစ်ပြီး မောင်းနှင်မှုအန္တရာယ်မဖြစ်စေရန်လည်း အထူးသုတေသနပြု ထုတ်လုပ်ထားပါတယ်။ အခုဆိုရင် ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံက သုတေသနပညာရှင်တွေကလည်း တစ်နာရီမိုင် ၁၀၀၀ နှုန်း မောင်းနှင်နိုင်မယ့်ကားတွေ ထုတ်လုပ်ဖို့ စီစဉ်နေတာမို့ ကမ္ဘာတစ်ဝန်းမှာ အမြန်ဆုံးမောင်းနှင်နိုင်မယ့်ကားတွေ ထွက်ပေါ်လာတော့မှာဖြစ်ပါတယ်။ **(အင်တာနက်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၃

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်တွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကား ပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၁၄ ရက်တွင် ဘားအံမြို့နယ် ဝဲကြီးစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေကျော်ကြီးကျေးရွာအနီး နွေနှမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံကာ ဖူးစားပြောင်း စိုက်ခင်းများနှင့် လယ်ကြားမြောင်းအတွင်း ရေတင်စက်ဖြင့် ရေတင်ပို့ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထုံးအိုင်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၁၅ ရက်တွင် မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာ၌ ကုန်သည်ကြီးများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး လှိုင်သာယာစက်မှုဇုန်၌ အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်အမှတ်(၄) ရှိ Myanmar Brilliant Star စက်ရုံတွင်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် စက်မှုဇုန်အမှတ်(၂)ရှိ Ocean Industry Co.Ltd. စက်ရုံတွင် လည်းကောင်း ကျင်းပသည်။ **(ယာပုံ)**

အဆိုပါဟောပြောပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များ၊ စက်ရုံဝန်ထမ်း အမျိုးသမီးငယ်များ တက်ရောက်ကြပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အဖွဲ့ခွဲ၊ အဖွဲ့ခွဲခေါင်းဆောင် ဒေါ်မြင့်မြင့်သိန်းက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး အကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မြမြက လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

အီတလီစီးရီးအေ ပွဲစဉ် (၁၉) အင်တာမီလန်နှင့် အေစီမီလန်တို့နိုင်ပွဲရ

ရောမ ဇန်နဝါရီ ၂၃

အီတလီစီးရီးအေပွဲစဉ် (၁၉)ကို ဇန်နဝါရီ ၂၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အင်တာမီလန်နှင့် လာဇီယို (ဝဲပုံ) တို့ပွဲတွင် အင်တာမီလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နိုဗာရာနှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်တို့ အဝေးကွင်း၌ အောင်ပွဲခံနိုင်ခဲ့ကြသည်။

အင်တာမီလန်တို့အိမ်ကွင်း၌ အနိုင်ရရှိရေးကြိုးစားရုန်းကန်ခဲ့ရသည်။ ပွဲချိန် မိနစ်၃၀၌ ဧည့်သည် လာဇီယိုအသင်းမှ ရော့ချီက အဖွင့်ဂိုးသွင်းယူပြီး ပွဲချိန် ၄၄ မိနစ်ရောက်မှသာ အင်တာမီလန်မှ မီလီတိုက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန်အတွင်း အနိုင်ဂိုးသွင်းယူနိုင်ရေး အင်တာမီလန်တို့ ကြိုးစားခဲ့ရာ ပွဲချိန် ၆၃ မိနစ်အရောက်တွင် ပက်ဇီနီက တစ်ဂိုး သွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ နှစ်ဂိုးရရှိခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ လာဇီယိုတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် အင်တာမီလန်တို့ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲအနိုင်ရရှိသဖြင့် စီးရီးအေဇယားတွင် ၁၉ ပွဲကစား၊ ၃၅ မှတ်ဖြင့် စတုတ္ထနေရာ၌ ရပ်တည်နေသည်။ လာဇီယိုတို့က ၁၉ ပွဲကစား၊ ၃၃ မှတ်ဖြင့် ပဉ္စမနေရာတွင်ရောက်ရှိနေသည်။ နိုဗာရာနှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်တို့ အဝေးကွင်း၌ ခြေစွမ်းပြနိုင်ခဲ့သည်။ အေစီမီလန်တို့ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၅၇ မိနစ်၌ အီဘရာဟင်မိုဗစ်က ဖွေဆော်ဦးဂိုးသွင်းယူပေးခဲ့သည်။ ဆက်လက်ပြီး ၇၃ မိနစ်၌ရော်ဘင်ဟိုက တစ်ဂိုးသွင်းယူကာ မိနစ် ၉၀ ၌ အီဘရာဟင်မိုဗစ်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အေစီမီလန်တို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

တိုက်စစ်မှူးဗန်ပါစီ၏သား အာဆင်နယ်လေ့ကျင့်ပေးမည်



လန်ဒန် ဇန်နဝါရီ ၂၃

နယ်သာလန်နဲ့ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီရဲ့ ငါးနှစ်အရွယ်သာရှိသေးတဲ့ သားကြီး **(ဝဲပုံ)** အား အာဆင်နယ်ကလပ်ရဲ့ လူငယ်လေ့ကျင့်ရေးစခန်းမှာ စတင်လေ့ကျင့်ပေးတော့မယ်လို့ အာဆင်နယ်ကလပ်က ဇန်နဝါရီ ၂၃ ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗန်ပါစီဟာ သူနဲ့လေးနှစ်ခန့်တွဲလာတဲ့ ချစ်သူ ဘူချာရာနဲ့ ၂၀၀၅ ခုနှစ်မှာ လက်ထပ်ခဲ့ပြီး အခုအခါမှာတော့ ငါးနှစ်အရွယ် သားကြီး ရှာကွီးလ်နဲ့ သမီးငယ် ဒိုင်နာတို့ မွေးဖွားခဲ့ပါတယ်။ အခုသားကြီးဖြစ်တဲ့ ရှာကွီးလ်ကို အာဆင်နယ်အသင်းက မျှော်မှန်းချက်ကြီးစွာနဲ့ စတင်ပြုစုပျိုးထောင်တော့မှာဖြစ်ပါတယ်။ ယခုကိစ္စနဲ့ ပတ်သက်ပြီး ဗန်ပါစီက "ကျွန်တော့်သားဟာ ဘောလုံးပါရမီရှိတဲ့သူပါပဲ။ သူ့ကို အာဆင်နယ်အသင်းက မျှော်လင့်ချက်ထားတာ ဝမ်းသာဂုဏ်ယူစရာပါ" လို့ ပြောကြားခဲ့ပါတယ်။ ရှာကွီးလ်ကလည်း အားတဲ့အချိန် ဘောလုံးကစားခြင်းနဲ့ အချိန်ကုန်နေတတ်သူဖြစ်ပါတယ်။

စောင့်ကြည့်

ဗန်ပါစီဟာ မိခင်နယ်သာလန်အသင်းအတွက် ယူ-၁၇ နယ်သာလန်ဘောလုံးအသင်းမှာ စတင်ပါဝင်ကစားခဲ့ပြီး နယ်သာလန်အမျိုးသားဘောလုံးအသင်းအတွက် စုစုပေါင်း ၆၂ ပွဲ ကစားပေးထားပြီး ၂၅ ဂိုး သွင်းယူပေးထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၁ ခုနှစ်မှာ ဖေယင်နူအသင်းကို ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။ ဗန်ပါစီဟာ အာဆင်နယ်အသင်းအတွက် ၁၇၈ ပွဲ ကစားပေးခဲ့ပြီး ၈၅ ဂိုးသွင်းယူပေးထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။အခုအချိန်မှာတော့ ဗန်ပါစီရဲ့သား ရှာကွီးလ်ကို မျက်စိကျလာတဲ့ အာဆင်နယ်အသင်းဟာ ဘယ်လိုပြုစုပျိုးထောင်ပေးသွားမလဲဆိုတာ စောင့်ကြည့်ရမှာပဲဖြစ်ပါတယ်။ **(အင်တာနက်)**

အခြားပွဲ ရလဒ်များ

ဘိုလော့နာ	၀ - ၀	ပါးမား
ကာဂလီရာရီ	၀ - ၀	ဖီအိုရင်တီးနား
လက်ချီ	၂ - ၂	ချေယေးဗို
ပါလာမို	၅ - ၃	ဂျီနိုအာ
ဆီနာ	၁ - ၁	နာပိုလီ
အူဒီးနစ်	၂ - ၁	ကာတာနီယာ

ဩစတြေးလျအိုးပင်း ချက်တင်းနစ်မယ် ဗစ်တိုဗာ ကွာတားဖိုင်နယ်တက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၃

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၃ ရက်က ယှဉ်ပြိုင်ကစားရာ ဗစ်တိုဗာ ***(ယာပုံ)****က အီဗန်နိုဗစ်အား အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။*

ဗစ်တိုဗာသည် အီဗန်နိုဗစ်အား ၆-၂၊ ၇-၆ (၇-၂)ဖြင့် နိုင်ပွဲ ရရှိခဲ့ခြင်းဖြစ်သည်။ ချက်တင်းနစ်မယ် ဗစ်တိုဗာသည် အီဗန်နိုဗစ်ကို အနိုင်ရရှိရန် ၁ နာရီ ၂၅ မိနစ်ကြာအောင် ကစားခဲ့ရသည်။

မိမိသည် ယခုပွဲ၌ အမှားအယွင်းအနည်းငယ်ရှိခဲ့သော်လည်း စိတ်တည်တည်ငြိမ်ငြိမ်ဖြင့် အနိုင်ရအောင် ကစားနိုင်ခဲ့ကြောင်း ဗစ်တိုဗာက ပြောကြားသည်။ ဗစ်တိုဗာသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ ပြိုင်ဘက်ကို အနိုင်ရရှိရေး မိမိ၏အားနည်းချက်များကို ပြုပြင်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲအပြီးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ***(အင်တာနက်)***

မန္တလေးတိုင်းဒေသကြီးအတွင်း GSM တိုးချဲ့စခန်းများ ဖေဖော်ဝါရီလ၌ ဖွင့်လှစ်မည်

ပြည်သူများ GSM ဖုန်းများ ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်တော့မည်

နေပြည်တော် ဇန်နဝါရီ ၂၃

မန္တလေးတိုင်း ဒေသကြီးအတွင်း တည်ဆောက်တပ်ဆင်နေသည့် GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့၌ GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ကျောက်ဆည်မြို့၊ ကူမဲမြို့၊ မိတ္ထီလာမြို့၊ မလှိုင်မြို့၊ တောင်သာမြို့နယ် ရုံးစည်ကြီး၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် GSM မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စွာသွင်နှင့် GSM စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူတို့က တိုင်းဒေသကြီးအတွင်း တည်ဆောက်တပ်ဆင်နေသည့် GSM မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေး စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ GSM တိုးချဲ့စခန်းများကို ဖေဖော်ဝါရီလအတွင်း စတင်စမ်းသပ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းနှင့် မကြာမီကာလအတွင်း GSM မိုဘိုင်းတယ်လီဖုန်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့၊ ကူမဲမြို့၊ မိတ္ထီလာမြို့၊ မလှိုင်မြို့၊ တောင်သာမြို့နယ် ရုံးစည်ကြီး၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့များ၌ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပြည်သူလူထုအတွက် ဆက်သွယ်မှုကိစ္စများနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးရာတွင် ကန့်သတ်ချက်များကို အတတ်နိုင်ဆုံးဖယ်ရှား၍ အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မန္တလေးတိုင်းဒေသကြီးအတွင်း တည်ဆောက်တပ်ဆင်နေသည့် GSM မိုဘိုင်း တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

Taste of TV သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

Forever Group Co., Ltd. ၏ Myanmar Media Development Center (MMDC) မှ ရုပ်မြင်သံကြား အခြေခံအချက်အလက်များကို သင်ကြားပေးမည့် " Taste of TV " သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ သင်တန်းခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံရုံးမှ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာအကြီးအကဲ Ms. Katrin Fru hin Sfeld တို့က အမှာစကားပြောကြားကြသည်။ အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV-4)မှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ Forever Group Co., Ltd. ၏ CEO ဦးဝင်းမော်၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်ခင်လေး၊ ဒါရိုက်တာ ဦးခင်မောင်ဌေးနှင့် Dw-AKADEMIE မှ Project Manager , Patrick Benning ၊ သင်တန်းဆရာများဖြစ်သည့် Ulrich Koehler နှင့် Ellen Roethinger စသည့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းတွင် စာပေနှင့် စာနယ်ဇင်းပညာ၊ ဇာတ်ညွှန်းရေးသားနည်း၊ အစီအစဉ်တင်ဆက်မှုပညာ၊ Communication Skills ၊ ကင်မရာရိုက်ကူးဖန်တီးမှု၊ ရုပ်သံတည်းဖြတ်မှု ပညာရပ်များစသည့် ဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

လက်ခံသင်ကြားပေး

Myanmar Media Development Center (MMDC) အနေဖြင့် ယခုစတင်ဖွင့်လှစ်သည့် "Taste of TV" သင်တန်းအမှတ်စဉ်(၁)တွင် ဂျာမနီနိုင်ငံရှိ DEUTSCHE WELLE - AKADEMIE နှင့် မလေးရှားနိုင်ငံအခြေစိုက် Asia Pacific Institute for Broadcasting Development တို့က ပါဝင်သင်ကြားပေးပြီး သင်တန်းသား ၅၀ လက်ခံသင်ကြားပေးလျက်ရှိသည်။

အလားတူ သင်တန်းအမှတ်စဉ်(၂)ကိုလည်း ဖေဖော်ဝါရီလအတွင်း ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့် ထပ်မံဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ မူးယစ်ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဗဟိုအဖွဲ့နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်၍ မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများအလွဲသုံးမှု ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက်က အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း အထက ၂(ခွဲ)၌ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးသိန်းစံအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း မင်္ဂလာဒုံ၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ၁၆ နှစ်ဆက်တိုက် ကျောင်းတက်မှန်ဆုရရှိသူ အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းညွန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သိန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျန်သည့်အချိန်ကလေး ဘာလုပ်ကြမလဲ အလှဆုံးပြင်ဆင်ကြရင် မကောင်းဘူးလား

မြင့်မောင် (ရေစကြို)

မနုဿတ္တဘာဝေါ၊ ဒုလ္လဘော ဆိုသည့်အတိုင်း လူ့ဘဝသည်ရခဲ၏၊ တိုလည်းတိုတောင်း၏၊ ဘဝသက်တမ်းတိုတောင်းသည့်အထဲ ရသည့်အချိန်ကလည်း နည်းလွန်းလှသည်ဟု ဆိုရပေမည်။ ယခုကာလလူ့သက်တမ်းကို ၇၅ နှစ်ရှိသည်ဆိုသဖြင့် တစ်နေ့အိပ်ချိန် ၈ နာရီနှုန်းဖြင့်တွက်ပါက ၂၅ နှစ်က အိပ်ချိန်ဖြင့်ပင် ကုန်ဆုံးသွားပြီ။ ကျန် ၅၀ နှစ်ထဲမှ ကလေးဘဝ ၁၀ နှစ်နှင့် ပညာသင်ချိန် ၁၅ နှစ်ရှိရာ စုစုပေါင်း နှစ် ၅၀ ခန့်ကုန်ဆုံးသွားမည်ဖြစ်သဖြင့် အမှန်တကယ် လူ့ဘဝတစ်ခုလုံး လောကီလောကုတ္တရာလုပ်နိုင်မည့်အချိန်၊ လုပ်ရမည့်အချိန်သည် ၂၅ နှစ်သာကျန်ပါတော့သည်။ ဤကျန်သည့် အချိန်ကလေးအတွက် ဘဝကို ဘယ်လိုအလှဆင်မည်ဆိုသည်ကို အလေးအနက်စဉ်းစား ဆောင်ရွက်ကြရပေတော့မည်။

ပုထုဇဉ်သတ္တဝါတို့သည် အလှပြင်တာ ဝါသနာပါကြသည်။ သို့သော် တကယ့်အလှတရားကို ပုထုဇဉ်သတ္တဝါတို့က ဝေဝေဝါးဝါးသာ ရှာတတ်ကြပါသည်။ အရိယာသူတော်စင်တို့ကသာ တကယ့်အလှတရားကို ပြည့်ပြည့်ဝဝ ရှာဖွေတတ်ကြပါသည်။ သတ္တဝါမှန်သမျှ ရုပ်နှင့်နာမ်ကိုသာ မှီ၍အသက်ရှင်နေကြရသည်။

ပုထုဇဉ်တို့ အလှပြင်နေကြသည်က ရုပ်အလှကိုသာ အသားပေးပြင်ဆင်နေကြခြင်းဖြစ်သည်။ တကယ့်အနှစ်သာရ အလှတရားက နာမ်ကိုသာ အမှီပြုသည့်စိတ်မှာသာရှိနေသည်။ ရုပ်ကိုပြင်နေသောအလှသည် တဒင်္ဂအလှ၊ အပေါ်ယံအလှ၊ ဘယ်လောက်ပင်ပြင်ပြင် တစ်ခဏသာလှပြီး ပျက်နေရသည် တစ်ဘဝစာ အတွက်သာဖြစ်သည်။ စိတ်ကိုအလှပြင်ခြင်းကသာလျှင် သံသရာတစ်လျှောက်လုံး လှခြင်းများရနေပါမည်။

ရုပ်ကိုပြင်သည့်အခါ တန်ခိုး၊ အာဏာ၊ ပစ္စည်းစသည့် ရုပ်ဝတ္ထုပစ္စည်းအမျိုးမျိုးနှင့် ပြင်ကြရာတွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဆိုသည့် ကိလေသာအညစ်အကြေးစိတ်များဖြင့် ပြင်ဆင်ခြယ်သနေကြသဖြင့် ပြင်ဆင်နေသမျှအကုသိုလ်ရနေကြသည်။ ငါလှလိုက်တာဆိုသည့် လောဘစိတ်၊ ငါ့လောက်ဘယ်သူလှလို့လဲဆိုသည့် မာန်မာနဒေါသစိတ်၊ လှခြင်း၊ မလှခြင်းဆိုသည့်အပေါ် တွေဝေငေးမောနေသည့် မောဟစိတ်များနှင့် ထုံမွမ်းနေသဖြင့် အလှပြင်နေသမျှ အကုသိုလ်ဖြစ်နေရသည်။

စိတ်ကိုလှအောင်ပြင်ရာတွင်တော့ သဒ္ဓါ၊ ပညာ၊ မေတ္တာတို့ကို အခြေခံ၍ ဒါန၊ သီလ၊ ဘာဝနာတွေနှင့် ပြင်ကြသဖြင့် အလှပြင်ဆင်ဆဲတွင်လည်း ကုသိုလ်စိတ်များဖြစ်လာပြီး တစ်ခဏအလှမဟုတ်ဘဲ တစ်သံသရာလုံးအတွက် အလှတွေပါသွားရသည်။

ထို့ကြောင့် ရုပ်အလှကိုပြင်ခြင်းသည် အပြင်အလှ၊ အပေါ်ယံအလှ၊ တဒင်္ဂပုထုဇဉ်အလှ၊ အကုသိုလ်အလှဖြစ်သည်။ သေလျှင်အပါယ်ငရဲ ကျရသည်။

စိတ်ကိုပြင်ခြင်းသည်သာ အတွင်းအလှ၊ ထာဝရအလှဖြစ်ပြီး သေလျှင်လည်း လူ့ပြည်၊ နတ်ရွာ၊ အထက်ဘုံ လားကြရသည်။

"သင်ဘယ်အလှမျိုးကို ပြင်ချင်ပါလဲ၊ သင့်ကိုယ်သင်မေးကြည့်ပါ"

ဥပမာပြရသော် အကိတ္တိရသေ့လောင်း သူဌေးသားလေးသည် ၎င်း၏မိဘဘိုးဘွားများသေသောအခါ ထားရစ်၊ ကျန်ရစ်ခဲ့သောပစ္စည်းများကိုကြည့်ပြီး **"သြော် ငါ့မိဘများ ဒီပစ္စည်းတွေကို ရှာသာရှာခဲ့သည် ယူမသွားနိုင်ပါလား"**ဟု သတိသံဝေဂရသွားသည်။ ထို့ကြောင့် "ဒီပစ္စည်းတွေ ငါနဲ့ပါသွားအောင် ဘယ်လိုလုပ်ရမည်လဲ" ဟု ကြံစည်မိပြီး အလှူကြီးပေးတော့သည်။ နောက်ဆုံးပစ္စည်းတွေကို ယူချင်တဲ့သူ ယူပါစေတော့ဟု စွန့်လွှတ်တော်မူခဲ့ပြီး တောထွက်တရားအားထုတ်လေတော့သည်။

ရသေ့လေး၏အကျင့်တရားမြင့်မြတ်ပြင်းထန်မှုကြောင့်သိကြားမင်း၏ **ပဏ္ဍု**ကမ္ဗလာကျောက်ဖျာတင်းသဖြင့် လူ့ပြည်ဆင်းကြည့်သောအခါ ရသေ့လေး၏ မြင့်မြတ်ပြင်းထန်သော အကျင့်တရားကြောင့် ကျောက်ဖျာတင်းရကြောင်း သိသွားသည်။ သိကြားမင်းက ရသေ့လေး၏သီလကို စမ်းသပ်လိုခြင်းကြောင့် ပရိယာယ်ဖြင့် မေးမြန်းပြောဆိုသည်မှာ **"အသင်ရသေ့လေး သင့်အသားကလည်း မည်းလိုက်တာ မီးသွေးခဲကျနေတာပဲ"**ဟု မမည်းသောအသားကို မည်းပါသည်ဟူ၍ ကဲ့ရဲ့သလို ပြောဆိုသော်လည်း ရသေ့လေးက စိတ်မဆိုးပါ။ ဈာန်အဘိညာဉ်ရထားသော ရသေ့ဖြစ်သဖြင့် မေးသူသည် သိကြားမင်းဖြစ်ကြောင်းလည်း သိပါသည်။

ထို့ကြောင့် ရသေ့လေးက ဖြေကြားပြောဆိုသည်မှာ**"အသင်သိကြားမင်း သင်မြင်သည့်ရုပ်ကိုကြည့်၍ မည်းသည်ဟူ၍ ပြောဆိုခြင်းဖြစ်ပါလိမ့်မည်။ ငါ၏အတွင်းသား စိတ်နှလုံးသည် သင်ထင်သလို မမည်းပါ။ ဖြူစင်မြင့်မြတ်ပါသည်။ အပေါ်ယံအသားမည်းခြင်းသည် အပေါ်ယံအသွင်အဆင်းကြောင့်ဆိုလျှင် မှန်ကောင်းမှန်နိုင်ပါသည်။ အပေါ်ယံရုပ်အဆင်းမည်းခြင်းထက် အတွင်းစိတ်ဖြူရန်သာ အဓိကကျပါသည်"**ဟု ဖြေကြားသောအခါ သိကြားမင်းသည် ရသေ့လေးအား အလွန်ကြည်ညို သွားပါသည်။ ဒါကြောင့် **"အသင်ရသေ့လေး လိုရာဆုတောင်းပါလော့"** သိကြားမင်းက ဆိုသောအခါ ရသေ့လေးက **"ငါဆုတောင်းမည်၊ အသင်ပေးနိုင်မည်လား၊ ငါသည် လောဘ၊ ဒေါသ၊ မောဟမဖြစ်ရပါလို၏"**ဟု ဆုတောင်းသောအခါ ဤဆုမျိုးကို သိကြားမင်း မပေးနိုင်ပါ။ သို့သော် အဖြေကိုသဘောကျ၍ ထပ်မံကြားလိုသဖြင့် ဆု တောင်းပါဦးဟု ထပ်မံပြောဆိုသောအခါ **"ငါသည် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံ သုံးပါးကို မပြစ်မှား ရပါလို၏"**ဟု ဆုတောင်းပြန်သည်။

ဤဆုကို ကိုယ်တိုင်လုပ်မှရသော ဆုဖြစ်သဖြင့် သိကြားမင်းမပေးနိုင်ပါ။ သိကြားမင်းသည် ရသေ့လေး၏ စကားများကို နာကြားရသဖြင့် သတိသံဝေဂရကုသိုလ်ဖြစ်ရသဖြင့် အကြိမ်ကြိမ်သာခုခေါ်ပြီး တာဝတိံသာသို့ ပြန်ကြွသွားပါသည်။

အထက်ပါဖြစ်စဉ်များကိုကြည့်ပြီး သံဝေဂရမည်ဆိုပါက ကျွန်ုပ်တို့သည် ကြုံတောင့်ကြုံခဲ လူ့ဘဝရရှိခိုက်လေးတွင် သမ္မာအာဇီဝကောင်းသောအသက်မွေးဝမ်းကျောင်းမှုတို့ဖြင့် ရှာဖွေရရှိထားသော စည်းစိမ်ဥစ္စာ၊ အာဏာစသည်တို့ကို အနှစ်မပါ အကာသက်သက်ဖြစ်သည့် ကာမဂုဏ်စည်းစိမ်ခံစားခြင်းဖြင့် ဖြုန်းတီးမပစ်ဘဲ သဒ္ဓါစေတနာအခြေခံ၍ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်ရင်း ဒါန၊ သီလ၊ သမထ၊ ဘာဝနာ စီးဖြန်းဆောက်တည်ကာ ဘဝကို အကောင်းဆုံးအလှဆင်သွားနိုင်ကြပါစေကြောင်း မေတ္တာအရင်းခံ၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မှတ်ချက်။

(ဤဆောင်းပါးကို ဓမ္မဒူတဦးပညာဝရ ဟောကြားသော **"အလှဆုံးပြင်ဆင်ကြပါစို့"** ဆိုသည့်တရားတော်အား မှီငြမ်းပြုစု ရေးသားတင်ပြခြင်းဖြစ်ပါသည်။)

ငှက်ဖျားရောဂါသည် ဦးစားပေးကာကွယ်နှိမ်နင်းရမည့် ရောဂါတစ်ခုဖြစ် မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်တည်ရှိနေ

နေပြည်တော် ဇန်နဝါရီ ၂၃

ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေး ကာကွယ်နှိမ်နင်းရမည့် ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တီမောလက်စ်တီစသည့်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ် အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ မြို့နယ်(၃၃၀)ခု အနက် (၂၈၄)မြို့နယ်တွင် ငှက်ဖျားရောဂါ အမြစ်တွယ်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများ၌ ငှက်ဖျားရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း၏ ၆၈ ရာခိုင်နှုန်းသည်လည်း ငှက်ဖျားဒေသထဲတွင် နေထိုင်လျက်ရှိကြောင်း၊ ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ ၂၀၁၀ ခုနှစ်အတွင်းတွင် ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၆ ဒသမ ၅ သိန်းရှိပြီး ငှက်ဖျားရောဂါကြောင့် သေဆုံးသူပေါင်း ၇၈၈ ဦး ရှိခဲ့ကြောင်း။

မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါ ပြဿနာ အဓိကကြုံတွေ့နေရသူများမှာ ရွှေ့ပြောင်းလုပ်သားများ၊ ဖွံ့ဖြိုးရေး စီမံကိန်းများမှ လုပ်သားများ၊ ငှက်ဖျား ဒေသသို့ ပြောင်းရွှေ့နေထိုင်သူများ၊ တောင်ယာလုပ်ကိုင်သူများ၊ သစ်ခုတ် ဝါးခုတ်လုပ်သားများ၊ တောနှင့်နီးနွယ်ပြီး အခြားလုပ်ကိုင်သူများဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားများ၏ပြဿနာသည် အကြီးမားဆုံးဖြစ်ကြောင်း။

အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်အနေနှင့် လက်ရှိအခြေအနေတွင် အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး မဟာဗျူဟာများ၊ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မဟာဗျူဟာများအရ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာ ဟိုတယ်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှုထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ အသိပေးဆွေးနွေးပွဲ [Myanmar Artemisinin Resistance Containment (MARC)] ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ အခုအခါတွင်ငှက်ဖျား ရောဂါပိုးများသည် အာတီမီစီနင်း ငှက်ဖျားဆေးများကို တစ်စနှင့်တစ်စ ယဉ်ပါးလာကြောင်း၊ ဆေးမတိုးသည်ကို တွေ့ရှိလာပြီဖြစ်ကြောင်း၊ ဆေးယဉ်ပါးမှုကို ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ဒေသများ၌ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မဟာမဲခေါင်မြစ်ဝှမ်းဒေသအချို့တွင်လည်း ဆက်လက်တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းဒေသများနှင့် ထိစပ်နေသည့် နယ်စပ်ဒေသများ၌ တွေ့ရှိခဲ့ကြောင်း။

အာတီမီစီနင်း ဆေးယဉ်ပါးမှုသည် နယ်စပ်ဒေသများမှနေ၍ အခြားဒေသများသို့ ဆက်လက်ကူးစက် ဖြစ်ပွားလာမည်ဆိုလျှင် ကမ္ဘာတစ်ဝန်း ဆောင်ရွက်လျက်ရှိသည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို များစွာထိခိုက်စေနိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အာတီမီစီနင်း ဆေးယဉ်ပါးမှု ထိန်းချုပ်ရေးစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံအတွင်းမှာသာမက နယ်စပ်ဒေသများနှင့် ထိစပ်လျက်ရှိသည့် နိုင်ငံများသို့ ဆေးယဉ်ပါးမှု ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်၊ အနည်းဆုံး အာတီမီစီနင်း ဆေးယဉ်ပါးမှု ပျံ့နှံ့နေခြင်းကို သိသိသာသာနှောင့်နှေးသွားစေရန် ဖြစ်ကြောင်းလည်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာစောလွင်က ဆောင်ရွက်၍ ဒုတိယညွှန်ကြားရေးမှူး (ရပကန) ဒေါက်တာသာထွန်းကျော်က အမျိုးသား ငှက်ဖျား ရောဂါတိုက်ဖျက်ရေးစီမံချက်၏ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများနှင့် ဆေးယဉ်ပါးမှု ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့တွင်းလမ်းများ ပြန်လည်ပြုပြင်

တာချီလိတ် ဇန်နဝါရီ ၂၃

မိုးရာသီအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တာချီလိတ်မြို့တွင်းလမ်းများ ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့ရပြီး ယာဉ်များသွားလာရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ပျက်စီးခဲ့ရသည့် တာချီလိတ်မြို့တွင်းလမ်းများကို နိုင်ငံတော်၏ဦးဆောင်မှု၊ စေတနာရှင်၏ ပံ့ပိုးလှူဒါန်းမှုဖြင့် ခေတ်မီကွန်ကရစ်လမ်းမကြီးအဖြစ် ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်တွင် ၄၀ ဒသမ ၅၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါခေတ်မီကွန်ကရစ်လမ်းမကြီးမှာ စုစုပေါင်းအရှည် ၄ ဒသမ ၀၈ မိုင်၊ လမ်းအကျယ် ပေ ၄၀၊ အထူ ၁၀ လက်မရှိကာ ခန့်မှန်းကုန်ကျငွေကျပ် သန်းပေါင်း သုံးထောင့်ခြောက်ရာဖြစ်ပြီး သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၆ဝ)

အထူးကုဆရာဝန်ကြီးများအဖွဲ့ ဘိုးဘွားများအားကျန်းမာရေးစစ်ဆေး

ပုသိမ် ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်ဝေ၊ အရိုးအကြောအထူးကု ဒေါက်တာစောသူရကြည်ဖေ၊ နား၊နှာခေါင်း၊လည်ချောင်းအထူးကု ဒေါက်တာကေသီမာ၊ မျက်စိအထူးကု ဒေါက်တာအေးအေးမူ၊ သွားနှင့်ခံတွင်းအထူးကု ဒေါက်တာခင်မောင်ဦး၊သမားတော်ကြီး ဒေါက်တာသီတာရည်၊ သမားတော်ကြီး ဒေါက်တာနွယ်နီဝင်းတို့ပါဝင်သော အထူးကုဆရာဝန်ကြီးများသည် ဇန်နဝါရီ ၁၄ ရက်က ပုသိမ်မြို့စက်တော်ရာ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၄၀ တို့အား ကျန်းမာရေးစစ်ဆေး၍ ဆေးများကုသပေးကြသည်။

ထို့အပြင် ဆေးဝါးပစ္စည်းများနှင့်ဝတ်စုံများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝ၇၇)

သိပ္ပံနည်းကျစိုက်ပျိုးရေး ရေစကြိုမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရေစကြို ဇန်နဝါရီ ၂၃

မင်းရွာ လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် နွေစပါးစိုက်ပျိုးကြမည့် ကမ်းဖြူ-ဝက္ကတောကျေးရွာများမှ တောင်သူ ၉၄ ဦးတို့အား မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိန်မောင်၊ မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းမြတ်သူတို့ တွေ့ဆုံ၍ ပေါင်စနစ်ဖြင့် စုပေါင်းပျိုးထောင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးရေး၊ စပါးအထွက်နှုန်း တိုးတက်ရေးစသည်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး မျိုးသန့်စပါးမျိုး ဖြန့်ဝေရေးနှင့် စိုက်ပျိုးရေအလုံအလောက် ရရှိရေးဆောင်ရွက်ပေးမည့် အစီအစဉ်များကို အသိပေး ပြောကြားသည်။

မင်းရွာ လျှပ်စစ်မြစ်ရေတင် ရေသောက် ဧရိယာတွင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နွေစပါး ဧက ၁၂၀ နှင့် နွေနှမ်း ဧက ၂၀ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၁၀၆)

❒ ကျောဖုံးမှ

မြေကြီးကျောက်သားတူးဖော်နေမှုနှင့် ရေသွယ်ဥမင်လိုဏ်အဝင်ပိုင်း တူးဖော်နေမှုတို့ကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိရှုရပ်မှနေ၍ စိမ့်ရေတားနံရံ (Diaphram Wall) တည်ဆောက်ပြီးစီးမှု၊ တမံဝဲဘက်၊ ယာဘက်ကမ်းများ၌ စက်ယန္တရားကြီးများဖြင့် မြေကြီးကျောက်သားတူးဖော်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

အဆိုပါ သူဌေးရေအားလျှပ်စစ်စီမံကိန်း၏ တမံအမျိုးအစားမှာ ဇုန်အမျိုးအစား (Zone Type Dam) ဖြစ်ပြီး ရေပိုလွှဲမှာသံကူကွန်ကရစ်(Gated Ogee Type) အမျိုးအစားဖြစ်သည်။ ထိုစီမံကိန်းတစ်ခုလုံးပြီးစီးပါက စက်တစ်လုံးလျှင် ၃၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်းထုတ်လုပ်ပေးမည့် စီမံကိန်း တစ်ခုဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ကုန်တင်ချိန်တွေမှာဆိုရင် တစ်နေ့တည်းနဲ့ဈေးက အမျိုးမျိုးပြောင်းနေတာ။ အခုလို အချိန်မရွေးဖြေပေးမယ့် စက်ထားပေးထားတာ အလွန်ကိုအဆင်ပြေတယ်" ဟု မြင်းခြံခရိုင်အတွင်းရှိ ကြက်သွန်ကုန်သည်တစ်ဦးက အလိုအလျောက်စက်တပ်ဆင်မှုအပေါ်တွင် သူ၏အမြင်ကို ပြောပြသည်။

အလိုအလျောက် ဖြေကြားစက် (automatic price and information system) ကို လက်ရှိတွင် အဓိကကုန်စည်ရောင်းဝယ်ရေးနေရာ သုံးနေရာတွင် တပ်ဆင်ထားပြီး အချိန်နှင့်တစ်ပြေးညီကုန်စည်ဈေးနှုန်းများအား ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ စက်များအား မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ဥရောပသမဂ္ဂတို့၏ အကူအညီဖြင့် တပ်ဆင်ထားခြင်းဖြစ်ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေနှင့် အခြားမြို့ကြီးများ၏ ကုန်စည်ဒိုင်များတွင်လည်း ယခုကဲ့သို့ တပ်ဆင်ပေးသွားရန် စီစဉ်လျက်ရှိသည့်အပြင် ယခုဇန်နဝါရီလ ဒုတိယပတ်အတွင်း၌ စတင်တပ်ဆင်ခဲ့သည့်အလိုအလျောက်ဖြေကြားစက်များ၏အပေါ် လိုအပ်ချက်နှင့် သုံးစွဲသူများ၏ သဘောထားအမြင်များ၊ အကြံပြုချက်များကိုရယူကာ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။ ကုန်စည်ဒိုင်များအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် ဆန်နှင့်ဆီ၊ ပဲအမျိုးမျိုးနှင့် ငရုတ်၊ ကြက်သွန်၊ အာလူးစသည့်ကုန်စည်များအားလုံး၏ ဈေးနှုန်းအတက်အကျများကို အချိန်နှင့် တစ်ပြေးညီ မည်သူမဆိုသိရှိနိုင်ရန်အတွက် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ကို မေးမြန်းလိုပါက ဖုန်း-၀၁-၅၂၈၉၇၇၊ မန္တလေးကထိန်တော်အသင်း ကုန်စည်ဒိုင်အတွက် ဖုန်း-၀၂-၂၄၅၅၀ တို့နှင့် မူဆယ် ၁၀၅ မိုင် ကုန်စည်ဒိုင်အတွက် မေးမြန်းရန် ဖုန်း-၀၈၂-၅၅၃၀၀ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ခင်ရတနာ)**

ဇန်နဝါရီ ၃ ရက်က အမက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် လေးနှစ်ဆက်တိုက်ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်ဝီလျံဟန်မင်းထက်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်မိုးမြင့်နွယ် ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

သွားရောက်လေ့လာသင့်သည့် မော်ရုံတော့မှ ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲ ပြိုင်ပွဲနှင့်အရောင်းပွဲတော်

သတင်းမှတ်စုနှင့် ဓာတ်ပုံ ကိုရင်သာဂိ

ရန်ကုန် ဇန်နဝါရီ ၂၃

ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲပြိုင်ပွဲနှင့် အရောင်းပွဲတော်ကျင်းပမည်ဆိုသည့် သတင်းအနံ့ကြောင့် ပွဲတော်ကျင်းပမည့် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာသို့ ရောက်ခဲ့သည်။ ပလာဇာအတွင်း ချင်းနင်းဝင်ရောက်မိသည်နှင့် မော်ရုံတောထဲရှိ သားရဲတိရစ္ဆာန်တွေကြား မျက်စိသူငယ် နားသူငယ်နှင့်ရောက်ရှိသွားရသည့်နှယ် ထင်မိရသည်။ တွေ့မြင်နေရသည့် သစ်ပန်းပုရုပ်ကြီးများကလည်း အံ့သြဖွယ်ရာ၊ ဆင်ဆိုလျှင်လည်း ဆင်အရွယ်အစား၊ မြင်းဆိုလျှင်လည်း မြင်းအရွယ်ဆိုတော့ အဘယ်မှာ မအံ့သြဘဲ နေနိုင်ပါမည်နည်း။ ကမ္ဘာကျော် ကင်းကောင်ရုပ်ရှင်ဇာတ်ကားထဲက ကင်းကောင်ကြီးကလည်း သူ၏ ပရိသတ်ကို သူ၏ပုံစံအတိုင်း မာန်အပြည့်ဖြင့် မျှော်လင့်နေဟန်ကလည်းတစ်မျိုး၊ ပလာဇာ၏ အောက်ထပ်၊ ပထမထပ်နှင့် ပြင်ပမြေနေရာ ကွက်လပ်၌ပါ နေရာလွတ် မရှိအောင် ခင်းကျင်းပြသထားသည့် သစ်သားပန်းပုရုပ်အမျိုးအစား ပေါင်းစုံနှင့် အရွယ်အစားပေါင်းစုံကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲဟု ခေါ်ဆိုသည်မှာ မလွန်ဟုဆိုရချေမည်။

မာန်အပြည့်ဖြင့် တွေ့မြင်ရမည့် ၁၅ ပေအမြင့်ရှိ ကင်းကောင်ရုပ်တုကြီး။

အဆိုပါ ပွဲတော်ကို အနုပညာပစ္စည်းအမယ်သစ်များ ထုတ်လုပ်၍ ဈေးကွက်သစ်များရှာဖွေရောင်းချရန်နှင့် လက်မှုပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပရောင်းချမှုကြောင့် ထုတ်လုပ်သူနှင့် နိုင်ငံတော်ပါ နိုင်ငံခြားဝင်ငွေများ ရရှိနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ ပွဲတော်ကျင်းပရေး ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ဦးဌေးအောင်ကြည်က "ဒီပွဲတော်မှာ မြန်မာတစ်ပြည်လုံးက ပန်းပုပညာရှင်တွေ ထုတ်လုပ်ပြသကြမှာပါ။ ပန်းပုပညာရှင် ၃၀၀ ကျော်လောက် ရှိပါတယ်။ အများဆုံးကတော့ ပဲခူးတိုင်းဒေသကြီး ဒါးပိန်မြို့က ပန်းပုပညာရှင်တွေပါ။ ပန်းပုရုပ်ပေါင်းက သောင်းဂဏန်းလောက် ရှိပါတယ်။ ကမ္ဘာမှာ ဒီလောက်သစ်သားပန်းပုရုပ်များများနဲ့ပြသတဲ့ သစ်ပန်းပုပြပွဲရှိတယ်လို့တော့ ကျွန်တော်တို့ မကြားဖူးပါဘူး။ ပွဲတော်မှာသမဝါယမအသင်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ လက်မှုအနုပညာပစ္စည်းတွေ၊ ပရိဘောဂတွေနဲ့ ပန်းပုတွေကို တိုက်ရိုက်ရောင်းချခြင်းနဲ့ စာချုပ်ချုပ် ဆိုရောင်းချခြင်းဆိုတဲ့ ပုံစံတွေနဲ့ ရောင်းချပေးမှာပါ"ဟု ပြောပြသည်။

ချီးမြှင့်

သစ်ပန်းပုပြပွဲနှင့် ပြိုင်ပွဲတွင် ပြိုင်ပွဲနှစ်မျိုးသတ်မှတ်ထားပြီး မော်ဒန်ပန်းပုပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းပုပြိုင်ပွဲဟူ၍ သတ်မှတ်ထားသည်။ ပြိုင်ပွဲတစ်မျိုးစီတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့်

အညာကျေးလက်၏ ဟန်ပန်အငွေ့အသက်များဖြင့် စိတ်ကူးယဉ်ထုလုပ်ထားသည့် ကျေးတောသူအလှများ၏ သဏ္ဌာန်ကလည်း ကြည့်ရသူတို့အတွက် စိတ်အေးချမ်းသာရှိလှစေမည်။

အထူးဆု(၅)ဆုစီကို ချီးမြှင့်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် အထူးဆု တစ်ဆုလျှင် ငွေကျပ် ၅ သိန်းဖြင့် ချီးမြှင့်သွားမည်ဖြစ်သည်။

ပန်းပုပညာနှင့် ပန်းပုရုပ်တုများကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်သူ ဦးတင်ဦးကလည်း "ဒီလိုပြပွဲကြီးမျိုး ပြုလုပ်ခြင်းက ထင်းဖြစ်သွားမယ့် သစ်တွေကို တန်ဖိုးမြှင့်ပစ္စည်းဖြစ်လာအောင် လုပ်တာမို့ ကောင်းသောလုပ်ဆောင်ခြင်းပါပဲ။ ဒီလိုလက်ရာကောင်းတွေဟာ နိုင်ငံတကာမှာ မတွေ့နိုင်တဲ့ လက်ရာတွေလို့ ကျွန်တော်ထင်တယ်။ ဒီလိုရုပ်တုကြီးတွေကို ထုထည်ကြီးကြီးမားမားနဲ့ထုတာ ကမ္ဘာမှာတောင်ရှိမယ်မထင်ဘူး။ အလေအလွင့်ဖြစ်တော့မယ့် သစ်တွေကို ဒီလိုအနုပညာမြောက်တဲ့ လက်ရာတွေနဲ့ ထုလုပ်ပုံဖော်လိုက်တာဟာ မြန်မာတစ်ယောက်အနေနဲ့ ဂုဏ်ယူစရာပါပဲ" ဟု ပြောပြသည်။

အဆိုပါပြပွဲမျိုးကို ၂၀၀၉ ခုနှစ်တွင် "နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်"၊ ၂၀၁၀ ခုနှစ်တွင် "မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်" အမည်ဖြင့် ပြသခဲ့ဖူးပြီး ယခုအကြိမ်မှာ တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ အဆိုပါပြပွဲ ပြိုင်ပွဲနှင့် အရောင်းပွဲတော်ကို ဗဟိုသမဝါယမအသင်း လီမိတက်နှင့် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ။

24-1 (07).pmd 1 1/24/2012, 2:43 AM

ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံသို့သွယ်တန်းမည့် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် အရှည် ၁၇၀ ကီလိုမီတာဖောက်လုပ်မည့် ရထားလမ်းစီမံကိန်းများကို ဆက်စပ်တည်ဆောက်သွားမည်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်တက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မင်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် တနင်္သာရီတိုင်းဒေသကြီးနယ်မြေ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးရန် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ နံနက် ၉ နာရီခွဲတွင် ထားဝယ်မြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ထားဝယ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ထားဝယ်လေယာဉ်ကွင်း၏ လက်ရှိအခြေအနေ၊ ထားဝယ်လေဆိပ်သို့ နှစ်အလိုက်ခရီးသည်ဝင်ထွက်မှု၊ လေယာဉ်ကွင်းအား နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားနေရာနှင့် လေဆိပ်အဆောက်အအုံများ တိုးချဲ့တည်ဆောက်သွားရန် လျာထားဆောင်ရွက်မှု၊ မြေနေရာ လျာထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်ဦးမြတ်ကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား ထားဝယ်ဒေသသည် နိုင်ငံတကာနှင့် ဆက်သွယ်သွားလာမှု တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ဤလေဆိပ်သို့ ၂၀၁၀ ခုနှစ်ကထက် ၂၀၁၁ ခုနှစ်တွင် ခရီးသည်နှစ်ဆခန့် ပိုမိုအသုံးပြုလာသည်ကို တွေ့ရကြောင်း၊ အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ပြည်တွင်းခရီးသည်များသာမက ပြည်ပခရီးသည်များပါ ဝင်ထွက်မှု ပိုမိုတိုးတက်များပြားလာမည်ဖြစ်၍ ထားဝယ်လေဆိပ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထားဝယ် အထူးစီးပွားရေးဇုန်၏ တည်ဆောက်ရေး စီမံကိန်းများဆောင်ရွက်မှုနှင့် အချိန်ကိုက်ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း၊ လေဆိပ်တိုးချဲ့ရာတွင် အနာဂတ်ကာလ၌ ဤဒေသ၏ ဖွံ့ဖြိုးလာမည့်အခြေအနေကိုတွက်ဆ၍ လိုအပ်ချက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန်သို့ ရောက်ရှိကြရာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှိ စီမံကိန်းနှင့်ပတ်သက်သည့် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ အသစ်တည်ဆောက်မည့် လူနေအိမ်နမူနာတို့ကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျေးရွာများရွှေ့ပြောင်းရာတွင် ပြန်လည်တည်ဆောက်ပေးမည့် အိမ်အမျိုးအစား သုံးမျိုးအနက် အလတ်စား အိမ်ရာတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အထူးစီးပွားရေးဇုန်ကို အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာရေး၊ ထားဝယ်ဒေသတွင် စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းသစ်များ၊ လမ်းနှင့်ဆက်သွယ်ရေးကွန်ရက်များ ပေါ်ပေါက်လာခြင်းကြောင့် ဒေသစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လျက် ဒေသအတွင်း၌ အထောက်အကူပြု စက်မှုလုပ်ငန်းသစ်များ၊ စီးပွားရေး လုပ်ငန်းသစ်များ ပေါ်ပေါက်လာစေလျက် ဒေသဖွံ့ဖြိုးတိုးတက်မြှင့်တင်နိုင်ရေး၊ ထားဝယ်ဒေသသို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်၍ ထားဝယ်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသာမက နိုင်ငံတော်၏စီးပွားရေးကိုပါ အရှိန်မြှင့်တင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်မီနည်းပညာနှင့်အတတ်ပညာများရရှိပြီး မိမိလုပ်သားများ၏ ကျွမ်းကျင်မှုတိုးတက်လာရာမှ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လျက် မိမိပြည်တွင်း စက်မှုလုပ်ငန်းများ တိုးတက်လာရေးနှင့် အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသအဖြစ် ပေါ်ထွန်းစေရေးဟူသည့် ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုရန်းကီလိုမီတာ ၂၀၄ ဒသမ ၅၁ အကျယ်အဝန်းရှိသော အထူးစီးပွားရေးဇုန်စီမံကိန်း၊ ထားဝယ်မှ မြန်မာ-ထိုင်းနယ်စပ် ဖူနမ်ရွှမ်ကျေးရွာအထိ ၁၆၀ ကီလိုမီတာခန့်အရှည်ရှိမည့်အဝေးပြေးကားလမ်းစီမံကိန်း၊ အထူးစီးပွားရေးဇုန်သို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း၊ ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံသို့သွယ်တန်းမည့် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းနှင့် ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနယ်စပ်အထိအရှည် ၁၇၀ ကီလိုမီတာ ဖောက်လုပ်မည့် ရထားလမ်းစီမံကိန်းများကို ဆက်စပ်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်အနေဖြင့် တန်ချိန်နှစ်သိန်းခန့်နှင့် နောင်တွင် တန်ချိန်သုံးသိန်းအထိ သယ်ဆောင်နိုင်သော သင်္ဘောများ ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာများရွှေ့ပြောင်းနေရာချထားရေးနှင့်စပ်လျဉ်းပြီး ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၃၉၈၄ လုံး၊ အိမ်ထောင်စု ၄၀၇၅စု၊ လူဦးရေ ၂၃၁၂၀ တို့ကို ရွှေ့ပြောင်းရာတွင် နေထိုင်ရန်အိမ်၊ လုပ်ကိုင်စားသောက်ရန် လယ်ယာခြံမြေ အပါအဝင် စီးပွားရေးဇုန်နှင့် လူမှုရေးဘဝကို ယခုထက်ပိုကောင်းသော၊ ပိုပြည့်စုံသော အခြေအနေရောက်ရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်၊ လမ်း၊ ရေ၊ မီး၊ ကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်းတို့ဖြင့် စနစ်တကျပြည့်စုံစွာ အကွက်ချ ဆောင်ရွက်ပေးနေမှုများ၊ နေရာသစ်၊ ကျေးရွာသစ်သို့ရွှေ့ပြောင်းနေရာချထားရာတွင် မရွှေ့ပြောင်းမီနေရာသစ်၌ အဆင်သင့်ဖြစ်နေအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အသေးစိတ်ရှင်းလင်းသည်။

အစီအမံ

ထို့နောက် Italian Thai Development Public Co.,Ltd. ဥက္ကဋ္ဌ Mr. Premchai Karnasuta က ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ နှစ်အလိုက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ် အထူးစီးပွားရေးဇုန်၏ မြေအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှု၊ အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်ဥပဒေပါအတိုင်း စနစ်တကျ ဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တိုးတက်လာ

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတဦးဆောင်၍ နိုင်ငံတကာနှင့်ဆက်သွယ်ဆက်ဆံမှု ကောင်းမွန်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ အကျိုးရလဒ်အဖြစ် နိုင်ငံတကာနှင့် ဆက်ဆံရေးများ တိုးတက်လာပြီး စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရရှိရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများဆောင်ရွက်နိုင်ရန် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေများကို ပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း သီလဝါအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များတွင်လည်း လိုအပ်သောဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ရည်ရွယ်ချက်များ

ဤထားဝယ်အထူးစီးပွားရေးဇုန်အား တည်ဆောက်ရသည့် ရည်ရွယ်ချက်များမှာ ထားဝယ်ဒေသသို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက် ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်၏ စီးပွားရေးကိုပါ အရှိန်မြှင့်တင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်လာသောခေတ်မီနည်းပညာနှင့် အတတ်ပညာများရရှိပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ မိမိလုပ်သားများ၏ အရည်အသွေးကျွမ်းကျင်တိုးတက်လာရာမှ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လျက် ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်လာရေးတို့ကို ရည်မှန်းထူထောင်ခြင်းဖြစ်ပါကြောင်း၊ ရည်မှန်းချက်များပြည့်စုံအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် စီမံကိန်းဧရိယာနှင့် မလွတ်ကင်း၍ ကျေးရွာများကို ပြောင်းရွှေ့ရာတွင် ကာယကံရှင်များ နစ်နာမှုမရှိစေရန် ကိုယ်ချင်းစာတရားဖြင့် ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

ယင်းတို့၏ အခြေအနေကို ယခင်ကထက် သာလွန်တိုးတက်ကောင်းမွန်သည့် အဆင့်တစ်ခုသို့ ရောက်ရှိလာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ရမည့်နေရာတွင် အိမ်၊ လမ်း၊ အထကကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်း၊ ရေ၊ လျှပ်စစ်မီး စသည့်အခြေခံလိုအပ်ချက်များရရှိရေးတို့ကို ရှေးဦးစွာ ဆောင်ရွက်ပြီးမှသာ ပြောင်းရွှေ့ပေးရန် ဖြစ်ကြောင်း၊ ထို့ပြင် ယင်းတို့လုပ်ကိုင် စားသောက်နိုင်ရန်အတွက် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများပါ ဖော်ထုတ်ပေးရန် ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေအသစ်များ စိုက်ပျိုးထားသော်လည်း အဆိုပါလုပ်ငန်းမှ ဝင်ငွေမရမီ ကြားကာလတွင်လည်း လတ်တလောစားဝတ်နေရေး အဆင်ပြေစေရေးအတွက် ထောက်ပံ့ကြေးများပေးသွားရန် ဖြစ်ကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

ထို့ပြင် ကလေးသူငယ်များ၏ ပညာစဉ်ဆက်မပြတ်သင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန် ကျေးရွာများ အသစ်ထူထောင်ရာတွင်လည်း စုစုစည်းစည်းဖြင့် ထူထောင်ပေးရန်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအပါအဝင် လုပ်ငန်းများဆောင်ရွက်ရာ၌ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သကဲ့သို့ ကျေးရွာများလည်း စုစုစည်းစည်း၊ သိုက်သိုက်ဝန်းဝန်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

ဆက်စပ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

တိတိကျကျလိုက်နာ

ဤအထူးစီးပွားရေး ဇုန်များတည်ထောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိဖြစ်ထွန်းလာရေးသည် အဓိက ရည်ရွယ်ထားရှိရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ တိတိကျကျလိုက်နာရန် လိုအပ်ကြောင်း၊ ဥပဒေများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ရေးသားသွားရန် လိုကြောင်း။

အစိုးရအဖွဲ့အစည်း၊ သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ရုံသာမက တတိယ အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ ဆောင်ရွက်မည့် အစီ

ယင်းတို့၏ အခြေအနေကို ယခင်ကထက် သာလွန်တိုးတက်ကောင်းမွန်သည့် အဆင့်တစ်ခုသို့ ရောက်ရှိလာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ရမည့်နေရာတွင် အိမ်၊ လမ်း၊ အထကကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်း၊ ရေ၊ လျှပ်စစ်မီး စသည့်အခြေခံလိုအပ်ချက်များရရှိရေးတို့ကို ရှေးဦးစွာ ဆောင်ရွက်ပြီးမှသာ ပြောင်းရွှေ့ပေးရန် ဖြစ်ကြောင်း၊ ထို့ပြင် ယင်းတို့လုပ်ကိုင် စားသောက်နိုင်ရန်အတွက် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများပါ ဖော်ထုတ်ပေးရန် ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေအသစ်များ စိုက်ပျိုးထားသော်လည်း အဆိုပါလုပ်ငန်းမှ ဝင်ငွေမရမီ ကြားကာလတွင်လည်း လက်တလောစားဝတ်နေရေး အဆင်ပြေစေရေးအတွက် ထောက်ပံ့ကြေးများပေးသွားရန် ဖြစ်ကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ထားဝယ်လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ာသူရဦးတင်အောင်မြင့်ဦးအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့ပြင် ကလေးသူငယ်များ၏ ပညာစဉ်ဆက်မပြတ်သင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန် ကျေးရွာများ အသစ်ထူထောင်ရာတွင်လည်း စုစုစည်းစည်းဖြင့် ထူထောင်ပေးရန်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအပါအဝင် လုပ်ငန်းများဆောင်ရွက်ရာ၌ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သကဲ့သို့ ကျေးရွာများလည်း စုစုစည်းစည်း၊ သိုက်သိုက်ဝန်းဝန်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

ဆက်စပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

တိတိကျကျလိုက်နာ

ဤအထူးစီးပွားရေး ဇုန်များ တည်ထောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိဖြစ်ထွန်းလာရေးသည် အဓိက ရည်ရွယ်ထားရှိရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ တိတိကျကျလိုက်နာရန် လိုအပ်ကြောင်း၊ ဥပဒေများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ရေးသားသွားရန်လိုကြောင်း။

အစိုးရအဖွဲ့အစည်း၊ သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရုံသာမက တတိယ အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ ဆောင်ရွက်မည့် အစီအမံများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြသခြင်း၊ အကြံဉာဏ်များရယူခြင်း၊ လိုအပ်ပါက ပြုပြင်ဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်သွားကြရန်လိုပါကြောင်း။

သို့ရာတွင် အချို့စီမံဆောင်ရွက်မှုများကို ဂဃနဏမသိရှိ၍ကောင်းမွန်အောင်နှင့် စနစ်တကျဖြစ်စေရန် အကြံပြုနေမှုများရှိသကဲ့သို့ ယခုလုပ်ငန်းအပေါ် သဘောထားအမြင်များယွင်းသုံးသပ် ပြောဆိုနေမှုများလည်းရှိကြောင်း။

သို့ဖြစ်ရာ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ လူထုဆက်ဆံရေးအဖွဲ့များဖွဲ့စည်း၍ အများပြည်သူ ထင်သာမြင်သာ ရှိစေရန်အတွက် ရှင်းလင်းဆွေးနွေးမှုများ လုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်စေရန် ကြိုးကြပ်သကဲ့သို့ အများသိရှိအောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အနီးကပ်ကြီးကြပ်

နိဂုံးချုပ်အားဖြင့် ပြောင်းရွှေ့ရမည့်ကျေးရွာများအတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို သက်ဆိုင်ရာကုမ္ပဏီက ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့်အထောက်အကူပြုအဖွဲ့ (ယာယီ) တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် ပြည့်ပြည့်စုံစုံဆောင်ရွက်ပေးရန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြရာ Italian Thai Development Public Co.,Ltd. ဥက္ကဋ္ဌ Mr.Premchai Karnasuta က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီရုံး အဆောက်အအုံများ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေဖြူမြို့နယ် လဲရှောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတက ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် မလွတ်ကင်းသည့်ကျေးရွာများ ပြောင်းရွှေ့ရာတွင် ယခင်ကထက် တိုးတက်ကောင်းမွန်သည့် အဆင့်ရရှိအောင် နိုင်ငံတော်က ကြီးကြပ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူရာ ဆရာတော်ကြီးများကိုယ်စား လဲရှောင်ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသက ဩဝါဒစကားမြွက်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ဓမ္မာရုံအတွင်း နဘုလယ်ဒေသရှိ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့မိမိတို့အဖွဲ့ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့် ကျေးရွာသစ်များ တည်ထောင်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ကြခြင်း ဖြစ်ပါကြောင်းဖြင့် ပဏာမ ပြောကြားပြီးနောက် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှု၊ လက်နက်ကိုင်ဆန့်ကျင်မှုများ ပပျောက်ချုပ်ငြိမ်းရန် ထာဝရငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင်ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေများကိုပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဤထားဝယ် အထူးစီးပွားရေးဇုန်သည် နောင်ဆက်လက်တည်ထောင်မည့် အထူးစီးပွားရေးဇုန်များ၏ ရှေ့ပြေးစီမံကိန်းဖြစ်၍ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အလေးထားဆောင်ရွက်

ထို့အပြင် ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့်မလွတ်ကင်း၍ ရွှေ့ပြောင်းပေးရမည့်သူများအတွက်လည်း နေထိုင်ရေး၊ စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အဆင်ပြေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများမြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နေအိမ်၊ လမ်း၊ ကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်း စသည့် အခြေခံအဆောက်အအုံများ၊ ရေနှင့် လျှပ်စစ်မီးလိုအပ်ချက်များ ပြည့်ပြည့်စုံစုံရှိမှသာ ပြောင်းရွှေ့ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဤကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက်လည်း အထူးစီးပွားရေးဇုန်ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး အနီးကပ်ကြီးကြပ်ပေးနိုင်ရေးအတွက် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌအား တာဝန်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများ စနစ်တကျရှိရေး၊ ကာယကံရှင်များ၏ ပြောင်းရွှေ့မှုအဆင်ပြေရေး၊ လိုအပ်ချက်များ ပြည့်ပြည့်စုံစုံရရှိရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုအဖွဲ့(ယာယီ)တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာများမှ ရပ်မိရပ်ဖများဖြစ်ကြသော ဦးကြွယ်၊ ဦးမောင်လွင်၊ ဦးယုစိန်၊ ဦးရွှေခဲနှင့် ဦးကြည်ဝင်းတို့က ပြောင်းရွှေ့ကျေးရွာများ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာသောင်းလွင်နှင့် ဆရာဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးနှင့် လိုအပ်ချက်များကိုမေးမြန်းပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ထားဝယ်မြို့၌ အခြေပြုရပ်နားကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်မှပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ အိုဆာကာနှင့် တိုကျိုမြို့များရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံခန့်ခွဲမှုများကို ဇန်နဝါရီ ၁၅ရက်မှ ၂၀ ရက်အထိ သွားရောက်လေ့လာခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်နေ့မှ ၁၈ရက်နေ့အတွင်း အိုဆာကာမြို့ရှိ ပစိဖိတ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖလှယ်ရေးဗဟိုဌာန (Pacific Resource Exchange Centre)နှင့် Matushsita Konosuke ပြတိုက်၊ အိုဆာကာမြို့ရှိ Kyoushin Giken Co.,Ltd.၊ Water Facility၊ Hori Metal Leaf & Powder Co.,Ltd. နှင့် ကျိုတိုရှေးဟောင်းမြို့များသို့ လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပြီး ဇန်နဝါရီ ၁၉ ရက်တွင် တိုကျိုမြို့ရှိ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၌ ဂျပန်နိုင်ငံ၏ စီမံခန့်ခွဲရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအပေါ် အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲအစီအစဉ်သို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာရှိ ၁၅ ဦး ပါဝင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တိုကျိုမြို့ရှိ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့အလင်း ဘဝအမောပြေ

ကုသလိုက်ပုံက....

ဆရာဝန်တစ်ဦးထံသို့ အမျိုးသားကြီးတစ်ဦး အပြေးအလွှားရောက်ရှိလာပြီး စိုးရိမ်ပူပန်စွာဖြင့် အကူအညီတောင်းလေသည်။

အမျိုးသားကြီး ။ ။ ဒေါက်တာ··· ကျွန်တော့်သားလေးကို ကယ်ပါဦး။

ဆရာဝန် ။ ။ ဘာများဖြစ်လို့လဲ။

အမျိုးသားကြီး ။ ။ ကျွန်တော့်သားလေး ဆော့ကစားရင်းနဲ့ ခဲတံတိုတစ်ချောင်း မျိုချလိုက်လို့ပါ။ အဲဒါ အခုအရမ်းငိုနေလို့ အကူအညီပေးပါဦးဆရာ။

ဆရာဝန် ။ ။ ဟုတ်လား။ ဘာမှမပူပါနဲ့။ အငိုတိတ်သွားအောင် နောက်ထပ် ခဲတံတိုတစ်ချောင်း ထပ်ပေးလိုက်ပေါ့။

အမျိုးသားကြီး ။ ။ ဗျာ····။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ
ရခိုင်ပြည်နယ်ဥပဒေချုပ် ရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၌ကျင်းပရာ ရခိုင်ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေချုပ်ရုံး ရုံးအဖွဲ့မှူး၊ ဒုတိယပြည်နယ် ဥပဒေအရာရှိနှင့် ဥပဒေအရာရှိများ၊ ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက နေပြည်တော် ရှေ့နေချုပ်ရုံး၌ ကျင်းပခဲ့သည့် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်မှာကြားခဲ့သည့် မူဝါဒဆိုင်ရာမှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဥပဒေအရာရှိ ဦးစံရွှေမောင်က တရားမစွဲမိဥပဒေအကြံပေးကိစ္စ၊ အမှုလိုက်ဆိုင်ရာကိစ္စ၊ ဘတ်ဂျတ်နှင့်ငွေစာရင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဥပဒေအရာရှိများက ဥပဒေရေးရာနှင့်စီမံရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ရခိုင်ပြည်နယ်ဥပဒေချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှင်းလင်းဟောပြော

သစ်တော သယံဇာတများ ထိန်းသိမ်းရေးနှင့် သစ်တောပြုစုပျိုးထောင်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျောက်ကြီးမြို့နယ် သိမ်တန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွေး ရှင်းလင်းဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

မုဒုံ၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်

မုဒုံ ဇန်နဝါရီ ၂၃

မုဒုံမြို့ စာစင်လမ်းကြီး အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်း ပသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးမင်းအောင်မြင့်တို့က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုပေးရခြင်း အကြောင်းတို့ကို ရှင်းလင်းတင်ပြကြပြီးနောက် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုရကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းဘက်စုံလုပ်ငန်း အလှူရှင်များနှင့် ကျောင်းတွင်းအာဟာရကျွေးအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအုပ်ကြီးက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ဇန်နဝါရီ ၂၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇) မူလတန်းလွန်ကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ရှိုင်းထက်ကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း မှူ ခင်း သ တင်း ၂၃-၁-၂၀၁၂

ပြန်လည်ပေါင်းသင်းဖို့ ငြင်းဆန်သူဇနီးအား ဓားဖြင့်ထိုး

ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခွဲခန့်က အင်ပူမြို့နယ် ကညင်ငူကျေးရွာနေ မ. . .(၃၁)နှစ်သည် အလုပ်မှပြန်အလာ ကညင်ငူလမ်း ထိပ်အရောက်၌ လွန်ခဲ့သော တစ်လကျော်ခန့်က စကားများရန်ဖြစ်ပြီး ကွဲကွာသွားသော ခင်ပွန်းဟောင်း မျိုးမြင့်အောင်နှင့်တွေ့ဆုံရာ မျိုးမြင့်အောင်က ပြန်လည်ပေါင်းသင်းနေထိုင်လိုကြောင်းပြောသည်။ မ. . .က ခါးသီးစွာငြင်းဆိုလိုက်သဖြင့် မျိုးမြင့်အောင်က အသင့်ယူဆောင်လာသော ဓားမြှောင်ဖြင့် မ. . .၏ ဝဲဘက်ရင်အုံသို့ တစ်ချက်တည်းထိုးသွင်းလိုက်ရာ သေဆုံးသွားခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။ (၀၇၇)

မလှိုင်မြို့နယ်တွင် နှစ်လုံး၊ သုံးလုံးလောင်းကစားသူဖမ်းမိ

မိတ္ထီလာခရိုင် မလှိုင်မြို့ရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းထွန်းနှင့် အသိသက်သေ ဦးသန်းဝင်းတို့သည် သတင်းအရ ဇန်နဝါရီ ၁၆ ရက်က မလှိုင်-ကံကြီးသွားကားလမ်းပေါ်မှ စောင့်ဆိုင်း၍ အရှေ့မှအနောက်သို့ ကံကြီးအလည်ချောင်းရွာနေ တင်ထွန်း ၃၈ နှစ်စီးလာသည့် အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစဉ် တင်ထွန်းထံမှ နှစ်လုံး၊ သုံးလုံးရောင်းချသည့် စာရွက်စာတမ်းများနှင့်အတူ လောင်းကြေးငွေကျပ် ၄၁၄၇၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

စက်သုံးဆီ ရောင်းဈေးနှုန်းများ
၂၃-၁-၂၀၁၂ (တနင်္လာနေ့)

Mean of Platts Singapore Price(MOPS) အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း	ဓာတ်ဆီ 92 Ron	ဒီဇယ်ဆီ
USD/IG	၃.၆၁	၃.၇၅
ကျပ်/ဂါလန်(1 USD=835 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း)	၃၀၁၄.၃၅	၃၁၃၁.၂၅

အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ (အမေရိကန်ဒေါ်လာ/ဂါလန်)

နိုင်ငံ	ဓာတ်ဆီ 92Ron	ဒီဇယ်ဆီ
ကမ္ဘောဒီးယား	၅.၇၂	၅.၅၀
ထိုင်း	၄.၀၉	၄.၁၃
အိန္ဒိယ	၅.၅၀	၃.၄၈
တရုတ်	၄.၄၄	၄.၇၁
ဘင်္ဂလားဒေ့ရှ်	၄.၇၆	၃.၁၉
လာအို	၆.၃၁	၅.၃၀
စင်ကာပူ	၇.၃၀	၅.၇၅
အင်ဒိုနီးရှား	၃.၅၃	၄.၃၂
ဖိလစ်ပိုင်	၅.၈၃	၄.၅၅
ဘရူနိုင်း	၁.၈၁	၁.၁၀
ကိုရီးယား	၇.၆၂	၇.၀၃

ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်)

ဒေသများ	ပြည်တွင်းထုတ် ဓာတ်ဆီ		ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92 Ron		ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ	
	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း
နေပြည်တော်	၃၅၀၀	၃၈၀၀	၃၈၀၀	၃၇၀၀	၃၆၀၀	၃၅၀၀
ရန်ကုန်	၃၃၅၀	၃၆၀၀	၃၆၅၀	၃၇၀၀	၃၅၀၀	၃၃၀၀
မန္တလေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၁၀၀	၃၆၀၀	၃၆၀၀
ပုသိမ်	၃၄၅၀	၃၈၀၀	၃၇၀၀	၃၅၀၀	၃၆၀၀	၃၃၀၀
ပဲခူး	၃၄၀၀	၃၆၀၀	၃၇၀၀	၃၇၀၀	၃၅၅၀	၃၅၅၀
ပြည်	၃၄၅၀	၄၀၀၀	၃၈၀၀	၃၈၀၀	၃၆၅၀	၃၄၀၀
မကွေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၈၀၀	၃၅၀၀
မုံရွာ	၃၅၀၀	၄၃၀၀	၄၃၀၀	၃၇၀၀	၄၀၀၀	၃၄၀၀
တောင်ကြီး	၃၆၀၀	၄၄၀၀	၃၉၀၀	၃၉၀၀	၃၈၀၀	၃၇၀၀
လားရှိုး	၃၆၀၀	၄၀၀၀	၄၄၀၀	၄၀၀၀	၃၉၀၀	၃၆၀၀
ကျိုင်းတုံ	-	-	၄၁၅၀	၄၁၅၀	၄၃၀၀	၄၃၀၀
မော်လမြိုင်	၃၄၅၀	၃၅၀၀	၃၉၀၀	၃၅၀၀	၃၆၀၀	၃၄၀၀
လှိုင်ကော်	၃၇၀၀	၄၄၀၀	၄၀၀၀	၄၀၀၀	၃၈၀၀	၃၈၀၀
ဘားအံ	၃၅၀၀	၃၄၀၀	၃၆၀၀	၃၁၀၀	၃၆၀၀	၃၄၀၀
မြိတ်	၃၆၀၀	၃၀၀၀	-	၃၀၀၀	-	၃၀၀၀
စစ်တွေ	၃၆၅၀	၄၅၀၀	၅၀၀၀	-	၃၆၀၀	၃၃၅၀
မြစ်ကြီးနား	၃၆၅၀	၅၀၀၀	-	၄၇၀၀	၃၈၀၀	၄၀၀၀
ဟားခါး	၃၉၅၀	၅၅၀၀	၄၆၀၀	၄၇၀၀	၄၀၅၀	၄၂၀၀

စွမ်းအင်ဝန်ကြီးဌာန၏ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်မြို့၌ အထိုင်ဈေးတစ်ဂါလန်လျှင် ငွေကျပ် ၃၀၀၀ ဈေးနှုန်းသို့ စတင်ပြင်ဆင်သတ်မှတ်ရောင်းချခဲ့ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကိုလည်း ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာပြန်လည်ရောင်းချခွင့်ပြုခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် စွမ်းအင်ဝန်ကြီးဌာနအရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် ပြည်တွင်းထုတ် ဓာတ်ဆီပြင်ပပေါက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

▲ ကျောဖုံးမှ

သည့်ထက်ဆိုးသည်မှာ လူ့အသက်များစွာ ဆုံးရှုံးခဲ့ရသည့်အပြင် လူအများအပြား ပြင်းထန်သောဒဏ်ရာများ ရရှိခဲ့သည်။

ထိုသို့ အသက်ဆုံးရှုံးရသူများထဲတွင် ပြည်သူအများ၏ အိုးအိမ်၊ စည်းစိမ်တို့ကို ဝါးမျိုနေသော ရန်သူမီးအား ငြိမ်းသတ်နိုင်ရေးအတွက် အန္တရာယ်များကြားကပင် နောက်မဆုတ်တမ်း မီးငြိမ်းသတ်ခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့က ပြည်သူတို့အတွက် အသက်စွန့်သွားခဲ့ရသည်။

ထိုသို့ ပြင်းထန်သောပေါက်ကွဲမှု ဘာကြောင့်ဖြစ်ရသနည်း။ ပြည်သူအားလုံးက သိချင်နေကြသည်။ သတင်းတွင်ဖော်ပြပြီးသော်လည်း ပြည်သူများအကြား ထင်ကြေးအမျိုးမျိုးရှိနေကြသည်။

ထိုဖြစ်ရပ်မှန်အား အခြေခံ၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ပြည်သူအများကြည့်ရှု၍ သိရှိနိုင်ရန် ဗီဒီယိုဇာတ်လမ်းဆင်ပြီး ရိုက်ကူးနေပြီဖြစ်သည်။ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ဇာတ်ကား ကန်တော့ပွဲပေးခြင်းအခမ်းအနားနှင့် ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးခြင်းကို ဇန်နဝါရီ ၂၂ ရက်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရုံးချုပ်(ရန်ကုန်) အဆောက်အအုံအတွင်း ပြုလုပ်ခဲ့သည်။

ဇာတ်ကားအမည်က “**မီးလျှံကြားက သွေးသစ္စာ**”ဖြစ်သည်။ “ဒီဇာတ်ကားအမည်လေးက ကျွန်တော်ကိုယ်တိုင်ရေးတဲ့ ဇာတ်လမ်းဖြစ်ပေမယ့် မီးသတ်တပ်ဖွဲ့အားလုံးက တညီတညွတ်တည်းပေးခဲ့တဲ့ အမည်လေးပါ” ဟု ဇာတ်လမ်းရေးသူ သိန်းထွန်းဦးက ဆိုခဲ့ပါသည်။

ထိုဇာတ်ကားတွင် ပြည်သူတို့အတွက် အသက်စွန့်သွားခဲ့သော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့် သေကံမရောက်သက်မပျောက် သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရိုက်ကူးထားခြင်းဖြစ်သည်။

ဇာတ်လမ်းတွင် သေကံမရောက် သက်မပျောက်ခဲ့သော တာမွေမြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန် ဦးဌေးဝင်းအဖြစ် မင်းဦးက သရုပ်ဆောင်မည်ဖြစ်သည်။ မီးလောင်ပြင်တွင် အသက်ပေးလှူသွားခဲ့ကြသော မီးသတ်တပ်ကြပ်ကြီးဇော်ဌေးအဖြစ် အကယ်ဒမီ အောင်ခိုင်၊ တပ်ကြပ်တင်စိုးအဖြစ် သရုပ်ဆောင် မင်းရာဇာ၊ တပ်သားအောင်အောင်အဖြစ် သရုပ်ဆောင် ကောင်းထက်သူ၊ တပ်သား သော်ဇင်မျိုးထက်အဖြစ် သရုပ်ဆောင် မြတ်သူအောင်၊ တပ်သား မျိုးကျော်ကျော်အဖြစ် သရုပ်ဆောင် မိုးယံဇွန်တို့က ပုံဖော်ကြမည်ဖြစ်ပြီး ခန့်ကျော်ဇင်၊ စည်သူ၊ ဦးညီညီမင်း၊ ချောရတနာ၊ နိုဘယ်ကျော်ကျော်၊ ဝါဆိုမိုးဦး၊ မေဖြူဖြူ၊ ဒေါ်ဂွမ်းပုံကြီး၊ ဒေါ်ဝါဝါအောင်၊ ဒေါ်လှလှမိုးနှင့် ကလေးသရုပ်ဆောင် သက်ထားရွှေစင်၊ ထက်ထက်တို့က ပါဝင်အားဖြည့်ထားကြသည်။

ဇာတ်ကားကို သုခမိန်ဗီဒီယိုထုတ်လုပ်ရေးမှ ထုတ်လုပ်ဖြန့်ချိမည်ဖြစ်ပြီး ဇာတ်လမ်း သိန်းထွန်းဦး၊ ဇာတ်ညွှန်း နေစိုးသော်၊ တွဲဖက်ဒါရိုက်တာ ဇော်ဆက်၊ ဒါရိုက်တာ တူနိုင်းခတို့က ပူးပေါင်းတာဝန်ယူ ရိုက်ကူးလျက်ရှိရာ မကြာမီ ပြည်သူအများကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

သရုပ်ဆောင်မိုးယံဇွန်(မျိုးကျော်ကျော်)က မီးသတ်တပ်ဖွဲ့အတွင်းသို့ ဝင်ခွင့်ပြုရန် အဖေနှင့်အမေထံ ခွင့်တောင်းနေသည့် ဇာတ်ဝင်ခန်းတစ်ခန်း။

ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပမည်

မော်လမြိုင် ဇန်နဝါရီ ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သာသနာ(၂၅၀၀)ရာမညဓမ္မဗိမာန်တွင် မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာစရိယ စာဖြေပွဲကျင်းပရေးကော်မတီက နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၃၀)မြောက် မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ ပရိယတ္တိစာမေးပွဲတွင် (မူလတန်း၊အငယ်တန်း၊အလယ်တန်း၊အကြီးတန်း၊ ဓမ္မာစရိယတန်း)စာဖြေရှင်သာမဏေများ၊ ရဟန်းတော်များ အပါး ၁၄၀၀ခန့်ဖြေဆိုကြမည်ဖြစ်သည်။ စာမေးပွဲတွင် ဩဝါဒါစရိယဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာစစ်၊စာထောက်ဆရာတော်များ အပါး ၁၀၀ ကျော်က ကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာဖြေသံဃာတော်များအား ဆွမ်းတစ်ရက်လျှင် ငွေကျပ် ၁၀ သိန်း၊ ဆွမ်းတစ်နပ်လျှင် ငွေကျပ် ငါးသိန်း၊ ဆွမ်းတစ်ဝိုင်းစာလျှင် ငွေကျပ်ငါးထောင်၊ အချိုပွဲ တစ်နပ်လျှင် ငွေကျပ်တစ်သိန်းကုန်ကျမည်ဖြစ်၍ပါဝင်လှူဒါန်းလိုသူများသည်သာသနာ(၂၅၀၀)ကျောင်း ဖုန်း-၀၅၇-၂၄၀၇၉၊ ဥက္ကဋ္ဌ နိုင်မင်းချစ်ငွေ ဖုန်း-၀၉-၅၃၂၃၁၂၇၊ ဒုတိယဥက္ကဋ္ဌ နိုင်ဉာဏ် ဖုန်း-၀၅၇-၂၄၆၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၁၀၇)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

အမှိုက်ပုံအနံ့ဆိုး ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ကွင်းရပ်ကွက် ဈေးကြို ကျိုက္ခမီလမ်း မီးပွိုင့်အနီး စူပါကော်ဖီမစ်ဆိုင်းဘုတ်ကြီးအောက်ရှိ ဈေးဆိုင်များမှ နေ့စဉ်စွန့်ပစ်သော အမှိုက်အညစ်အကြေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ညှော်နံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ပန်းဘဲတန်းမြို့နယ် အမှတ် (၁၀)ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်း (အလယ်ရှိ) တိုက် (၂၀၂) ရှေ့ လမ်းဘေးပလက်ဖောင်းပေါ်ရှိ လက်ဖက်ရည်ဆိုင်နှင့် အကြော်ဆိုင်တို့မှ ကြော်လှော်သည့် အညှော်နံ့များကို ပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်ရှူရှိုက်နေရပါသောကြောင့် ကျန်းမာရေးထိခိုက်ရုံမက မီးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့ဆိုးမခံနိုင်သူ

ရေမလာလို့ အခက်တွေ့နေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၈/A) စိန်ပန်းမြိုင် (၃)လမ်းတွင် ဂျိုးဖြူရေပိုက်များ သွယ်တန်းထားသော်လည်း ၂၀၁၀ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး ယခုအချိန်ထိ ရေမလာပါ၍ နွေရာသီကာလတွင် ရေအခက်အခဲဖြစ်နိုင်ပါသောကြောင့် သက်ဆိုင်ရာမှဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိန်ပန်းမြိုင်လမ်းသား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

မင်္ဂလာပါတပည့်တို့-

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့် မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလို အကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့်မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်လေးအုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး လေးပုဒ် မေးပါမယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့်မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ ၁၁ ဦးရဲ့ ဝတ္ထုတို ၁၁ ပုဒ်နဲ့ ပြဇာတ်သုံးပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူအကြောင်း၊လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူအာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။

ဇာတ်လမ်းဟာ ကျိုးကြောင်းဆက်စပ်နေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဇာတ်ဆောင်များက အဲဒီဖြစ်ရပ်မှာ ပါဝင်လှုပ်ရှားရသူတွေဖြစ်တယ်။ ကာလဒေသနောက်ခံဟာ ဒီဖြစ်ရပ်မှာ ဖြစ်ပျက်လှုပ်ရှားတဲ့ အချိန်ကာလ၊ နေရာဒေသနဲ့ လူမှုအခြေအနေတို့ဖြစ်တယ်။ ဝတ္ထုရေးဆရာဟာ မိမိဆိုလိုတဲ့အချက် အာဘော်ကို ထင်ရှားပေါ်လွင်အောင် ဝတ္ထုတိုနဲ့ဖော်ပြတာဖြစ်တဲ့အတွက် ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးတဲ့အခါ ဝတ္ထုရေးဆရာရဲ့ အာဘော်ကို စာဖတ်သူ နားလည်သွားမြဲဖြစ်တယ်။

ဝတ္ထုတိုများကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။ ဝတ္ထုအာဘော်ဆိုတာ ဝတ္ထုရေးဆရာရဲ့ဆိုလိုချက်ဖြစ်တယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာကြိုတင် အရိပ်နိမိတ်ပြခြင်းတို့နဲ့ ဇာတ်လမ်းကို ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာ ဇာတ်လမ်းပါ ဇာတ်ဆောင်တွေကို အသက်ဝင်အောင် စရိုက်သဘာဝထင်ရှားအောင် ဖန်တီးရေးဖွဲ့ကြတယ်။ ဇာတ်ဆောင်ရဲ့ ပုံပန်း၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတို့ဖြင့် ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိကြတယ်။ နောက်ခံဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ပျက်ရာ အချိန်ကာလ၊ နောက်ခံဒေသတို့ကို ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ရေးဖွဲ့လေ့ရှိတယ်။ အရေးအဖွဲ့ဆိုတာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ ဖြစ်တယ်။ ရသနဲ့အသိအမြင်ဆိုတာ ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးနောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးရပြီး ဘယ်လိုအသိအမြင်မျိုးရတယ်ဆိုတာ လေ့လာရမှာဖြစ်တယ်။

အမျိုးသားပညာဝန်ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုတစ်ပုဒ်ကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်သဖြင့် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်းအာဘော်ကို တွေ့နိုင်တယ်။ လူငယ်တစ်ယောက်ရဲ့ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါ မောင်ဘစီရဲ့ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။ ဒီဝတ္ထုတိုမှာ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ရေးဟန်တွေ၊ ပေါ်လွင်ထိမိတဲ့စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာတွေ့ရမယ်။ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။

ပြဇာတ်သုံးပုဒ်ကို လေ့လာတဲ့အခါ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့ စာပေမျိုး ဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာ ပြဇာတ်ရဲ့ အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင် ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ် ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဇာတ်ဆောင်တို့ရဲ့ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ သရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။ နမူနာအဖြစ် အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏ အာဘော်ကိုတွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါ အရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။ အရေးအကြီးဆုံး အချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်းဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာ အကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာအနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင် ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့်သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများ စသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင်သုံးဦးတွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ ပြန်ရေးနိုင်အောင်လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများစတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့ လက်မြောက်ဦးတင်၊ မြဲလှချင်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများ နည်းတူဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာ နဖူးပေါ်လက်တင် ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လျှောယဉ်လွယ်၊ သမင်နှယ်"ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက်စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူအနားကို အလွယ်တကူကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့ သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇) ရက် ပုန်းနေလေ့ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကို ကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့ " ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစင်ကယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင်ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး ဆိုရိုးများအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများအလွန်ပါပါတယ်။ စကားများသည်ပင်လျှင် နောင်အခါဆိုရိုးများ၊ စကားပုံများ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်းဆင်းရဲကြောင်း" ဆိုတဲ့ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိသော ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက " ကြက်ဥသံချောင်"လို့ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ကြက်ဥဆိုတဲ့အနေနဲ့ တင်စားပြီး သုံးစွဲခြင်းဖြစ်ပါတယ်။

ဒီလိုပဲ"အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်"ဆိုတဲ့အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသောမိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက်စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါကကွန်ကိုကြဲပါ ဖြန့်ပါမှဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက"ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လာငြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ"စသည်ဖြင့် အဖွဲ့ကောင်းများကို ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း (၂)မှာ ပုဒ်ခွဲ(၂)ခုပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကိုရှင်းပြရမှာ ဖြစ်တယ်။ ၂ (ခ)မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတရသသင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ဗြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

အခန်း၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သော သဘောစသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်း ပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့ အခြေခံကျတဲ့ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း စတဲ့ကဗျာတွေရဲ့ သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့စပ်နည်းတွေ၊ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာ ဖြစ်ပါတယ်။ မေးခွန်း(၃)ပိုဒ်ခွဲ(က)မှာ အဲဒီ ကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခုဖြေရပါမယ်။

မေးခွန်း(၃)ပိုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ သာဓကပြရမယ်ဆိုရင်-

"အောင်ပင်နှင့် နန္ဒာ
ကြာစုံကမွေး။
တစ်ကန်ကိုတစ်ကန်ဆက်ပါလို့
ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ်ဖွေး။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါနဲ့ ကြာ၊ဆက်နဲ့ယက်၊ နှိုင်း နဲ့ လှိုင်းတို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွေးနဲ့ဖွေးကတော့ ပိုဒ်ဆုံးကာရန်ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတို အမှတ်အသားပြရပါမယ်။ ပထမအချိုး "ကြာစုံကမွေး" ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်တဲ့ "လှိုင်းကြက်ခွပ်ဖွေး" ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခုချရပါမယ်။ မေးခွန်းမှာ အလျားလိုက်ဖော်ပြထားတဲ့ကဗျာကို အဖြေမှာ သူ့ကဗျာပုံစံအတိုင်း ထောင်လိုက်ပြန်ရေးရပါမယ်။ အဲဒီလိုဖြေဆိုရင် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက်ပြုစုထားတဲ့ ပြဋ္ဌာန်းစာဖြစ်တယ်။

မေးခွန်း(၄) (က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေဖြစ်တယ်။ (၈)ခုမေးထားပြီး (၅)ခု ဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့ စာပေဆိုင်ရာအချက်အလက်တွေကို မေးပါမယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့တိတိကျကျ ဖြေရပါမယ်။ "ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း"လို့ မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်းလို့ မေးရင် "မဟာဆန်ချင်သူပြဇာတ်" လို့ ဖြေရပါမယ်။ ခေးဝတ္ထုက လှုံ့ဆော်သောစိတ်ဓာတ်ကိုရေးပါဆိုရင် "အမျိုးသားရေးစိတ်ဓာတ်"လို့ ဖြေရပါမယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့် မေးခွန်းတွေဖြစ်ပါတယ်။

မေးခွန်း(၄) (ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ချိုင့်ဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများအကြောင်းကို လေ့လာတင်ပြပါ (သို့မဟုတ်) ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၄)အုပ်မှာ (၁)အုပ်ကို (၁)ပုဒ်မေးမှာ ဖြစ်ပါတယ်။ မေးခွန်းတွေကိုချန်ပြီး ခြွင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာ (၄)အုပ်ကိုလည်း ချန်ပြီး ခြွင်းပြီး ကျက်လို့မရပါဘူး။ (၄)အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃အေ၊ မြေကွက်အမှတ် ၁၀၃၊ အကျယ်အဝန်း ပေ၅၀×၂၅ပေရှိ နှစ် ၉၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ၁၅၂ လမ်း၊ အိမ်အမှတ် ၃၆ဟုခေါ်တွင်သော ရေမီးအစုံအလင်ပါဝင်သော နှစ်ခန်းတွဲနှစ်ထပ်အာရ်စီတိုက်တစ်လုံးအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီဝင်း ၁၂/တမန(နိုင်) ဝ၆၁၄၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်၊ မြေတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၈၂)
အမှတ် ၁၁၊ ဦးဘကျော်လမ်းသွယ် ၁၊ တာမွေလေးရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်မိုးမိုးလွင် ၉/မကန(နိုင်)၀၀၀၄၀၉ နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအိုက်ထွန်း ၁၃/မကန(နိုင်)၀၄၀၃၄၁ နှင့် ဒေါ်မိုးမိုးလွင် ၉/မကန(နိုင်)၀၀၀၄၀၉ တို့သည် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ ဒေါ်မိုးမိုးလွင်သည် ၁၂-၁-၂၀၁၂ ရက်တွင် မိမိသဘောဆန္ဒအလျောက် သမီးဖြစ်သူအားခေါ်၍ နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ၁၄-၁-၂၀၁၂ရက် ည၇း၀၀နာရီတွင် ဦးအိုက်ထွန်းနေထိုင်ရာ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ကျောက်စိမ်း ၄ လမ်း၊ အဆောင် ၃၅၊ အခန်း၅သို့ မိဘများနှင့်အတူ လာရောက်ပြီး ပွဲရုံဝင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များရှေ့မှောက်တွင် ၄င်း၏အသုံးအဆောင်ပစ္စည်းများနှင့် မီးခံသေတ္တာထဲရှိ ငွေကျပ်သိန်း ၂၅၀ကျော်ကို ရယူ၍ ပြန်သွားခဲ့ပါသည်။

ဒေါ်မိုးမိုးလွင်သည် ၄င်း၏သဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပြီး ငွေကြေးများရယူသွားပြီးဖြစ်၍ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ဦးအိုက်ထွန်းမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းခိုင်(LL.B) **ဒေါ်အိခိုင်ညီမ်း(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၂၀၅၅) **အထက်တန်းရှေ့နေ(စဉ်-၂၉၂၈၈)**
အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၈၉၀၁

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ /၁၉)၊ မွေးမြူရေးဇုန်၊ မြေကွက်အမှတ် (၈၅/ဇ)၊ ဧရိယာ (ပေ ၁၀၀×ပေ ၁၀၀) ရှိ ဒေါ်ခင်စန်းမြင့်အမည်ဖြင့် တစ်နှစ်(ယာယီ)လိုင်စင်ရရှိထားသည့် မြေကွက်အား အရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဦးသန်းထွန်း ၁၂/လမန(နိုင်)၀၉၂၀၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းကြေးတန်ဖိုးငွေများ အပြေအကျေပေးချေကာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူ၍ လက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှသာ တရားဝင်လက်ရှိထားပိုင်ဆိုင်နေပြီဖြစ်ကြောင်း အများသိစေအပ်ပါသည်။ နောင်တွင် အဆိုပါမြေကွက်အား တစ်နည်းနည်းဖြင့် ထပ်မံလွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ မပြုကြရန်နှင့် ပြုလုပ်ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
အမှတ် ၂၆၇(ငါးလွှာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဖုန်း-၀၁-၇၃၁၇၀၅၁၆

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့်နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ တိုက်၂၁၊ အခန်း ၀၀၂၏မူလ အမည်ပေါက် ဒေါ်နုနုနိုင် ၁၂/ကမရ (နိုင်)၀၀၄၄၃၁ထံမှ ဒေါ်ဖြိုးသီတာ ၁၂/သဃက(နိုင်) ၁၄၄၉၉၈ က အပြီးအပိုင် ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထား တင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာပေးပို့ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈၊ ၉၊ ၁၀၊ ၁၁ ကမာရွတ်)၊ မြေကွက်အမှတ်၂၅/ဇ၊ ဧရိယာ ၀ ဒသမ ၁၄၅ ဧကရှိ ဂရန်အမည်ပေါက် ဒေါ်အေးပုံ ၁၃/တယန(နိုင်) ၀၂၆၅၃၁ မှ မြေငှားစာချုပ်(ဂရန်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်(ဂရန်)မိတ္တူ မှန်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်း မရှိပါက မြေငှားစာချုပ်(ဂရန်) မူရင်းအား ပယ်ဖျက်၍ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

[illegible]

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ သူငွေးရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်နေ

တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း (၃၈၆)သန်း ထုတ်လုပ်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေးချောင်းပေါ်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၆) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သူငွေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ သူငွေးရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အား ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးက သူငွေးရေအားလျှပ်စစ်စီမံကိန်း၏ အကြိုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများ ဆောင်ရွက်မည့်အစီအမံများနှင့် ဆောင်ရွက်နေမှု၊ ရေသွယ်ဥမင်လိုဏ် အဝင်ပိုင်း ဥမင်လိုဏ်တူးဖော်နေမှုနှင့် ရေသွယ်ဥမင်လိုဏ် အထွက်ပိုင်း အထူးခိုင်ခံ့မှုလုပ်ငန်း (သံမဏိကြိုးထည့်သွင်းခြင်းနှင့် သံပေါင်ထည့်သွင်းခြင်း) ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အမှတ်(၆) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးဝင်းဇော်က အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ စိမ့်ရေတားနံရံ တူးဖော်မည့်အစီအစဉ်တို့ကိုလည်းကောင်း ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ Diversion Tunnel နှင့် Power Tunnel တူးဖော်ရာတွင် ခိုင်ခံ့မှုရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းအောင် ဂရုပြုကြပ်မတ်ဆောင်ရွက်ကြရေးနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေးတို့ကို တာဝန်ရှိသူများအားမှာကြားပြီး ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေထိန်းတံခါးပြွန်နှင့် ရေပိုလွှဲ တည်ဆောက်မည့်နေရာများအား စက်ယန္တရားကြီးများဖြင့် *စာမျက်နှာ ၇ ကော်လံ ၅* ❐

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဂျပန်ကင်းလှည့်လေယာဉ် ဝေဟင်၌ ငှက်ကြီးတစ်ကောင်နှင့် ဝင်တိုက်မိ စာ-၄

မန္တလေးတိုင်းဒေသကြီးအတွင်း GSM တိုးချဲ့စနစ်များ ဖေဖော်ဝါရီလ၌ ဖွင့်လှစ်မည် စာ-၆

အီတလီ စီးရီးအေ ပွဲစဉ်(၁၉) အင်တာမီလန်နှင့် အေစီမီလန်တို့ နိုင်ပွဲရ စာ-၅

တိုက်စစ်မှူး ဗန်ပါစီ၏သား အာဆင်နယ် လေ့ကျင့်ပေးမည် စာ-၅

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။

အလိုအလျောက် ဖြေကြားသည့်စက်ဖြင့် ကုန်စည်ဈေးနှုန်းများ ဖြေကြားပေးမည်

➤ ခင်ရတနာ - ရေးသားသည် ➤

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံအတွင်းရှိ စားသုံးကုန်စည်ပို့ဆောင်ရေး အကြီးမားဆုံး ဒိုင်ကြီးများဖြစ်သည့် ဘုရင့်နောင်ကုန်စည်ဒိုင်၊ ကထိန်တော်အသင်း ကုန်စည်ဒိုင်(မန္တလေး)တို့နှင့် နယ်စပ်ပို့ကုန်အဓိကဌာန ၁၀၅ မိုင် ကုန်စည်ဒိုင်(မူဆယ်)တို့တွင် အလိုအလျောက် ဈေးနှုန်းဖြေကြားသည့်စက်များ တပ်ဆင်ထားသောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ လယ်ယာထွက်ကုန် ရောင်းဝယ်ဖောက်ကားသည့် ကုန်သည်များနှင့် တောင်သူလယ်သမားများအတွက် အလွန်ပင်အဆင်ပြေစေလျက်ရှိကြောင်း သိရှိရသည်။

"အရင်က ကုန်စည်ဈေးနှုန်းကိုသိချင်ရင် ပွဲရုံလေးငါးရုံကို လှည့်ပတ်ပြီး လှမ်းမေးရတယ်။ အများကြီးမေးမှ အမှန်ကိုသိရတာ။ တစ်ခါတလေ ဖုန်းလိုင်းမကောင်းရင် ကိုယ်သိချင်တာကို ချက်ချင်းသိဖို့က မလွယ်ဘူး။ သီးနှံပေါ်ချိန်နဲ့ *စာမျက်နှာ ၇ ကော်လံ ၅* ●

မြန်မာ့အလင်း သိပ္ပံသုတ

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

တစ်နာရီမိုင် ၁၀၀၀ နှုန်းမောင်းနှင်နိုင်မည့် ကမ္ဘာ့အမြန်ဆုံးကား

လန်ဒန် ဇန်နဝါရီ ၂၃



ဗြိတိန်သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ကမ္ဘာပေါ်မှာ အမြန်ဆုံးမောင်းနှင်နိုင်မယ့် မော်တော်ကားတစ်စီးကို ၂၀၁၂ ခုနှစ်အတွင်းမှာ ထုတ်လုပ်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

ဘလက်ဟွန်းလို့အမည်ပေးထားတဲ့ အဲဒီကားဟာ တစ်နာရီ မိုင် ၁၀၀၀ နှုန်းနဲ့ မောင်းနှင်နိုင်မှာဖြစ်လို့ ကမ္ဘာပေါ်မှာ အမြန်ဆုံးကားအဖြစ် ရောက်ရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီကားကိုပဲ ရေထဲမှာ တစ်နာရီ မိုင် ၆၀ နှုန်းအထိ မောင်းနှင်နိုင်မယ့် ယာဉ်အဖြစ်လည်း အသုံးပြုနိုင်အောင် ထုတ်လုပ်ဖို့ စီစဉ်နေပါတယ်။

အဲဒီကားရဲ့ အယ်ရိုဒိုင်နမစ် (လေထဲတွင် ဖြတ်သန်းနိုင်သည့်စွမ်းအား)ဟာ အခြားကားတွေထက် အဆပေါင်း ၂၈၉ ဆပိုပြီး မြန်ဆန်တယ်လို့ ဆိုပါတယ်။ ဒီကားကို စတင်မောင်းထွက်လိုက်တာနဲ့ သေနတ်ပြောင်းဝကထွက်လာတဲ့ ကျည်ဆန်တစ်တောင့်လို တစ်ဟုန်ထိုးပြေးထွက်သွားမှာ ဖြစ်ပါတယ်။

ဗြိတိန်သုတေသနပညာရှင်အဖွဲ့ဟာ ယခင်က တစ်နာရီမိုင် ၈၀၀ နှုန်း မောင်းနှင်နိုင်တဲ့ ကားအမျိုးအစားကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့တာမို့ အခုလို တစ်နာရီမိုင် ၁၀၀၀ နှုန်း မောင်းနှင်နိုင်တဲ့ ကမ္ဘာ့အမြန်ဆုံးကားကို ထုတ်လုပ်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ❍

မင်္ဂလာတောင်ညွန့်မှ မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်ဓာတ်လမ်း မီးလျှံကြားက သွေးသစ္စာ ဂုဏ်ပြုဓာတ်ကားရိုက်ပြီ

သတင်းနှင့်ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ ဖြစ်ပွားခဲ့သော မီးလောင်ပေါက်ကွဲမှုမှာ ရန်ကုန်တစ်မြို့လုံးနီးပါး တုန်ခါမှုများဖြစ်ခဲ့ရသည်။ ထိုတုန်ခါမှုမှာ မြေငလျင်ပြင်းအား ၃ ဒသမ ၁ အဆင့်နှင့်ညီမျှကြောင်း တာဝန်ရှိသူတို့က ဆိုခဲ့သည်။

ပျက်စီးဆုံးရှုံး

ထိုမီးလောင်ပေါက်ကွဲမှုကြောင့် ပစ္စည်းသိုလှောင်ဂိုဒေါင်များ၊ လူနေအိမ်များ၊ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံတို့ ပျက်စီးဆုံးရှုံးမှုအပြင် နိုင်ငံပိုင် မီးသတ်ယာဉ်လေးစီး ပျက်စီးဆုံးရှုံးခဲ့ရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၃* ▲

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)